# ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ (1-10-2014) (၇၉၈၀)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်နိုင်ငံတည်ထောင်သည့် နှစ်ပတ်လည်နေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၅)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်း တို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့သည်။

(သတင်းစဉ်)

# နိုင်ငံရေးဖြစ်စဉ်များ ဆက်လက်ရှင်သန်ရေး နိုင်ငံသားအားလုံး ဝိုင်းဝန်းဆောင်ရွက်

### ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် နိုင်ငံတော်သမ္မတပြောကြားသည့် ရေဒီယိုမိန့်ခွန်း

**မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် အသိပေးပြောကြားနေကျ ဖြစ်တဲ့အတိုင်း စက်တင်ဘာလအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာ ဖြစ်ထွန်းလျက်ရှိတဲ့ နိုင်ငံရေးဖြစ်စဉ်နဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို လေ့လာကြည့်ရှုတဲ့အခါမှာ အဆင့်တစ်ခုကို ရောက်ရှိနေပြီဆိုတာကို တွေ့ကြရမှာဖြစ်ပါတယ်။ ဒီဖြစ်စဉ်များရဲ့ အောင်မြင်ဖြစ်ထွန်းမှုနဲ့ပတ်သက်ပြီး သဘောထားကွဲလွဲမှုများ ရှိနိုင်တယ်ဆိုတာ လက်ခံထားပါတယ်။ ကျွန်တော့်အနေနဲ့ အထူးပြုပြောကြားလိုတဲ့အချက်ကတော့ ဒီကနေ့ရရှိထားတဲ့ ဖြစ်ထွန်းမှုအဆင့်ဆင့်ဟာ မိမိတို့ရဲ့ အနာဂတ်ကို ပြဋ္ဌာန်းသတ်မှတ်နိုင်ပြီး ကျွန်တော်တို့တည်ဆောက်လိုတဲ့ လွတ်လပ်ပွင့်လင်းတဲ့ လူ့အဖွဲ့အစည်းတစ်ခုအဖြစ် တက်လှမ်းနိုင်ဖို့အတွက် အခြေခံအုတ်မြစ်ပဲဖြစ်ပါတယ်။ အခုလိုပြောကြားရခြင်းဟာလည်း ဒီကနေ့ ကျွန်တော်တို့ ရရှိပိုင်ဆိုင်ထားတဲ့အခြေအနေကောင်းများကို အမိအရဆုပ်ကိုင်ပြီး နိုင်ငံရေးဖြစ်စဉ် ဆက်လက်ရှင်သန်နေဖို့အတွက် နိုင်ငံသားအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြဖို့ အချိန်အခါရောက်ရှိနေပြီဖြစ်ကြောင်း သတိပြုမိစေရေးအတွက်ပဲ ဖြစ်ပါတယ်။

နိုင်ငံရေးဖြစ်စဉ်များ ဆက်လက်ရှင်သန်ရေးအတွက် အခြေခံအကျဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီးတော့ အလေးထားတိုက်တွန်းလိုတဲ့အချက်ကတော့ ဆွေးနွေးဖက်များဖြစ်ကြတဲ့ အစိုးရ၊ လွှတ်တော်များ၊ တပ်မတော်၊ နိုင်ငံရေးပါတီများနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးအနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်ရေးအတွက် အရေးကြီးတဲ့အဆင့်ကို ရောက်ရှိနေတယ်ဆိုတဲ့အချက်ပဲဖြစ်ပါတယ်။

**ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိ။**

မာရသွန်ပြေးပွဲများမှာ ပန်းတိုင်နဲ့နီးလာလေလေ၊ ပိုပြီးအားစိုက်ရလေဖြစ်တယ်ဆိုသလိုပဲ ဒီကနေ့ မိမိတို့ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့ တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ် ချုပ်ဆိုနိုင်ရေး ကြိုးပမ်းဆောင်ရွက်မှုကိုလည်း ပိုမို၍ အားထည့်ဆောင်ရွက်ကြရမယ့်အချိန်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

နိုင်ငံရေးအင်အားစုများအားလုံးရဲ့ သဘောထားကြီးမှု၊ စိတ်ရှည်သည်းခံမှုနဲ့ အလေးအနက်ထား ပါဝင်ကြိုးပမ်းအားထုတ်မှုတို့ အထူးလိုအပ်လျက်ရှိတဲ့ အချိန်အခါလည်းဖြစ်သလို အခုလို အလွန်အရေးကြီးတဲ့အဆင့်ဖြစ်တဲ့ တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးရေးကိစ္စကို အောင်မြင်စွာ ဆောင်ရွက်နိုင်မှသာလျှင် မိမိတို့နိုင်ငံရဲ့ နိုင်ငံရေးအနာဂတ်ကို ပုံဖော်ထုဆစ်နိုင်မယ့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်မှာဖြစ်ပါတယ်။ အဲ့ဒီလို စတင်နိုင်မှသာလျှင် ကြားကာလ နိုင်ငံရေးတည်ငြိမ်မှု၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်မှုနဲ့ ညင်သာတဲ့ နိုင်ငံရေးအသွင်ကူးပြောင်းမှုများကို ရေရာသေချာစေမှာဖြစ်တဲ့ အကြောင်းကိုလည်း သတိပြုမိစေလိုပါတယ်။ အထက်မှာ ကျွန်တော်ပြောကြားခဲ့တဲ့အချက်များကို

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

# ရိုးရာမပျက် နွဲလို့မပျော် ကမ္ဘာကျော်တဲ့ ကျောက်ဆည်မြို့ရဲ့ဆင်လှူပွဲတော်

ထွန်းထွန်းနိုင် (ကျောက်ဆည်)

**ကျောက်ဆည် စက်တင်ဘာ ၃၀**

ကျောက်ဆည်မြို့တွင် နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၄ ရက်နှင့် လပြည့်နေ့တို့တွင် ဆင်အကအလှနှင့် ဆင်ပြိုင်ပွဲများပါဝင်သော ဆင်လှူပွဲတော်ကို ကျင်းပလေ့ရှိသည်။ ကျောက်ဆည်မြို့ ဆင်လှူပွဲတော်သည် မြန်မာတစ်နိုင်ငံလုံးတွင် မည်သည့်အရပ်ဒေသတွင်မှ ကျင်းပခြင်းမရှိသော ထူးခြားသည့်ပွဲတော်တစ်ခုဖြစ်၍ ပွဲတော်ကာလတွင် အနယ်နယ်အရပ်ရပ်ရှိ ရပ်ဝေးရပ်နီးမှ ဧည့်ပရိသတ်များသာမက ကမ္ဘာလှည့်ခရီးသွားဧည့်သည်များပါ လာရောက်ကြသဖြင့် ကြက်ပျံမကျစည်ကားလှသော ပွဲတော်တစ်ခုဖြစ်သည်။

ရှေးယခင်က ဆင်လှူပွဲတော်ကို ဆွမ်းတော်ကြီးကပ်ပွဲတွင် မုန့်ရုပ်ဆင်များ ထည့်ဝင်လှူဒါန်းရာမှ အရုပ်ဆင်များ ပါဝင်လှူဒါန်းလာကြသည်။

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ✻**



ကျောက်ဆည် ဆင်လှူပွဲတော်အား ကြက်ပျံမကျစည်ကားနေသည်ကို ယမန်နှစ်က ဤသို့ တွေ့ရစဉ်။

## အနောက်တောင်မုတ်သုံလေ ဆုတ်ခွာခဲ့ပြီးဖြစ်

**နေပြည်တော် စက်တင်ဘာ ၃၀**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းမှ ဆုတ်ခွာခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

(ကြေးမုံ)

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။




**ကြေးမုံစာတည်းရှုထောင့်** **၁-၁၀-၂၀၁၄၊ ဗုဒ္ဓဟူးနေ့**

# 'စုန်ရေ' 'ဆန်ရေ'

"အိုမင်းမစွမ်း"ဟူသော ဝေါဟာရကို သခင်ကိုယ်တော်မှိုင်းက "အိုရင် မင်းမစွမ်းတော့ဘူးပေါ့ကွာ" ဟု ဟာသနှော ပြောခဲ့ကြောင်း မှတ်သားဖူးသည်။ အသက်အရွယ် အိုမင်းရင့်ရော်၊ ရော်ရွက်ဝါလို ကြွေကျမြေခါနီး၊ ဘဝ နေညိုချိန်မှာ မှီရာခိုရာ အားထားစရာ သားထောက်သမီးခံ သားကောင်းသမီး မွန်များ ရှိနေဖို့လိုအပ်ပါသည်။ ကံမကောင်း အကြောင်းမလှ အဘိုးအဘွား များကို မြို့ပြများတွင် တွေ့မြင်နေရသည်မှာ ကြင်နာသနားတတ်ကြသည့် မြန်မာ့ဓလေ့ယဉ်ကျေးမှုနှင့် မဆီလျော်သော မြင်ကွင်းများအဖြစ် ခံစားမိပါ သည်။

"ငယ်လျှင်ချီ၊ ကြီးလျှင်မှီ"ဆိုသည်မှာ သဘာဝပင်ဖြစ်ပါသည်။ နိုင်ငံ့ ဝန်ထမ်းများဆိုပါက နိုင်ငံတော်မှ ချီးမြှင့်ငွေ ပင်စင်လစာလေးနှင့် "အူမ တောင့်မှ သီလစောင့်"လျက် ကျန်ခွေ့ရရနေနိုင်သေးသည်။ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းရွက်ခဲ့မှု၏ အကျိုးကို အိုအောင်မင်းအောင် နောက်ဆုံး ကွယ်လွန်ချိန်အထိ ခံစားနေကြရသည်မှာ နိုင်ငံတော်၏ကျေးဇူးပင် ဖြစ် သည်။

နိုင်ငံ့ဝန်ထမ်းမဟုတ်ကြသူ လူအိုများမှာ သားထောက်သမီးခံမရှိသော အခါ ခိုကိုးရာမဲ့ဘဝနှင့် လမ်းပေါ်ရောက်လာကြရသည်။ အချို့အဘိုးအဘွား များက ကျွမ်းကျင်ရာလိမ္မာရာ ကြုံရာအလုပ်ကို ဟန်မပျက်လုပ်လျက် အသက်မွေးဝမ်းကျောင်း ပြုနေကြသူများလည်းရှိသည်။

လူ့သဘာဝ လူအမျိုးမျိုး၊ စိတ်အထွေထွေနှင့် စိတ်ဓာတ်ခိုင်မာပြတ်သား သူရှိသလို စိတ်ဓာတ်ပျော့ညံ့ပြီး နှိမ့်ချမာနနှင့် သင့်သလို နေကြသူများလည်း ရှိသည်။ ဤသို့ဖြင့် လက်သီးဆုပ်ထားသူနှင့် လက်ဝါးဖြန့်ထားသူ နှစ်မျိုး နှစ်စားကွဲပြားသွားရသည်။ အသက်အရွယ်က စကားပြောလာသောအခါ သူသူငါငါ စိတ်ဓာတ်ယိမ်းယိုင် အခြေမခိုင်ရှိလာကြစမြဲ။ ဤသည်လည်း သဘာဝတရားသာ ဆိုရပါမည်။

မည်သို့ဆိုစေ လက်ရှိမြင်တွေ့နေရသည့် အဘိုးအဘွားများသည် တိုက် ရိုက်အားဖြင့် နိုင်ငံ့ဝန်ထမ်းမဟုတ်ကြလည်း တစ်နည်းတစ်ဖုံ နိုင်ငံ့တာဝန်ကျေပွန် ခဲ့ကြသူများသာ။ အပြစ်အနာအဆာ အမှုအခင်းမရှိ၊ မိမိ မိသားစုစားဝတ်နေ ရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ရှာဖွေဖြည့်တင်းကျွေးမွေးစောင့်ရှောက်ထိန်း ကျောင်းသူများ၊ မိသားစုဝတ္တရားကျေပွန်ခဲ့ကြသူများ၊ ဤသည်လည်း တစ်နည်း တစ်ဖုံ နိုင်ငံ့တာဝန်ကျေပွန်ခဲ့ကြသူများဟု ဆိုနိုင်ပါသည်။ အကြောင်းမှာ နိုင်ငံ ဟူသည် မိသားစုနှင့်ဖွဲ့စည်းထားခြင်းဖြစ်သလို ဤကဲ့သို့ တာဝန်ကျေသော မိဘများနှင့် တည်ငြိမ်အေးချမ်းနေသော မိသားစုပွားများလေ နိုင်ငံဖွံ့ဖြိုး တိုးတက် ငြိမ်းချမ်းသာယာရှိလေပင် မဟုတ်ပါလော။

မိသားစုအပေါ် တာဝန်မပျက် ကျေပွန်ခဲ့ပါလျက် အကြောင်းအမျိုးမျိုး ကြောင့် လမ်းပေါ်ရောက်လာကြရသော အဘိုးအဘွားများအရေးကို အလေး ထားဆွေးနွေးလာနေကြရပါပြီ။ မိမိတို့နိုင်ငံတွင် သက်ကြီးရွယ်အိုများ ၅ ဒသမ ၆ သန်းကျော်ရှိကြောင်း သိရသည်။ ဘိုးဘွားများအရေးကို နိုင်ငံတော်မှ စဉ်းစားလာသည်မှာ မင်္ဂလာတရားတော်နှင့် ညီညွတ်သလို နိုင်ငံအတွက် အမျိုးသားရေးတာဝန်တစ်ရပ်ဆိုလည်း မမှားပါ။ တစ်ဖက်မှာ "ကျွေးမွေး မပျက်ဆောင်ရွက်စီမံ---" နိုင်ငံ့သားကောင်း သမီးမွန်များ၏ ကျင့်ဝတ်သိက္ခာ နှင့်လည်း ညီညွတ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာန၏ ညွှန်ကြားချက်အရ အားကိုးရာမဲ့ သက်ကြီး ရွယ်အိုများအား ဘိုးဘွား ရိပ်သာများတွင် နေထိုင်ခွင့်ပြုရန်၊ အလုပ်အကိုင်လုပ်နိုင်သေးပါက ကျွမ်းကျင်ရာ ပညာများနှင့် အလုပ်အကိုင်ရှာဖွေပေးရန်၊ လူမှုရေးဆိုင်ရာပင်စင်များ ပေးရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။ ပြည်ထောင်စုအစိုးရသို့ တင်ပြထားသည့် သက်ကြီးရွယ်အိုဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းများ စီမံကိန်းမှာ ယခုနှစ် ဇူလိုင်လ ၁၄ ရက်တွင် ခွင့်ပြုချက်ရရှိပြီးဖြစ်ရာ အဆိုပါအမျိုးသား အဆင့်လုပ်ငန်းစီမံကိန်းတွင် ပါဝင်သည့် သက်ကြီးရွယ်အိုများအား ပုံမှန် ဝင်ငွေရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဘေးအန္တရာယ်နှင့် အရေးပေါ်ကိစ္စ ဖြစ်ပေါ်လာပါက ကူညီပေးခြင်း၊ နေထိုင် သည့် ပတ်ဝန်းကျင်အား လုံခြုံမှုရှိစေရန် ဆောင်ရွက်ပေးခြင်း၊ လူမှုရေး ဆိုင်ရာ ပင်စင်ပေးခြင်း၊ နိုင်ငံတကာတွင် သက်ကြီးရွယ်အိုများအား ဝင်ဆံ့ အောင် စီမံပေးသကဲ့သို့ ဆောင်ရွက်ပေးခြင်းများကို လုပ်ဆောင်လာနိုင် တော့မည်ဖြစ်ပါသည်။

အခြားတစ်ဖက်တွင်လည်း ပြည်သူများ၏ စေတနာအားနှင့် ပေါင်းစုထားသည့် စေတနာ့ဝန်ထမ်း လူမှုကူညီရေး အသင်းအဖွဲ့များမှလည်း တစ်တပ်တစ်အားနှင့် တစ်နိုင်တစ်ပိုင် နိုင်သလောက်ဝန်ကို ကူညီထမ်းလျက် ဝိုင်းဝန်းအားဖြည့်ပေးနေကြသေးသည်။ စွန့်ပစ်ခံ လမ်းပေါ်ရောက်၊ အရွယ်လွန် နာမကျန်း အဘိုးအဘွားများအား ကောက်သင်းကောက်သလို လိုက်လံ ရှာဖွေ လူမှုတာဝန်ကျေပွန်နေကြသည်မှာ လေးစားလောက်သည့် မိမိတို့နိုင်ငံ၏ ဂုဏ်ယူစရာ ပုံရိပ်ကောင်းများပင် ဖြစ်သည်။

ဤသို့ဖြင့် နိုင်ငံတော်နှင့်ပြည်သူ ဘက်ပေါင်းစုံမှ အားဖြည့်ကူညီပေးလာ နေမှုကြောင့် ဘိုးဘွားများ၏ ဘဝနေညိုချိန် မြူတိမ်ကင်း၍ လမင်းသာယာ ဘဝချမ်းမြေ့ရှိလာခဲ့ပါပြီ။ မိဘမေတ္တာကို အစဉ်ထာဝရပေးဆပ်သူအဖြစ်နှင့် "စုန်ရေ"ဟု တင်စားခိုင်းနှိုင်းပြောကြသည်။ သားသမီးများအပေါ် ထားရှိသည့် မိဘများ၏ အနှိုင်းမဲ့မေတ္တာ၊ ယခု သားသမီးများ၏ မိဘဘိုးဘွားများအပေါ် တုံ့ပြန်မေတ္တာ "ဆန်ရေ"ကို မိမိတို့ မျက်ဝါးထင်ထင်မြင်တွေ့လာကြရပါ ပြီ။

သက်ရောက်မှုတိုင်းမှာ တူညီသော တန်ပြန်သက်ရောက်မှုရှိလာခြင်း သည် လောကနိယာမပင် ဖြစ်သည်။ "သက်ကြီးရွယ်အို မြှင့်တင်ဖို့ အားလုံး ပါဝင်ဆောင်ရွက်စို့"ဟု ဆိုသည့်အတိုင်း အောက်တိုဘာ ၁ ရက် သက်ကြီး ရွယ်အိုများနေ့ကို ကြေးမုံက ဂုဏ်ပြုပါသည်။ ။

## အာဆီယံကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး ပုဂံမြို့၌ကျင်းပမည် သတင်းရယူမည့်မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်

**နေပြည်တော် စက်တင်ဘာ ၃၀**

အာဆီယံကာကွယ်ရေးဝန်ကြီး များ အလွတ်သဘောအစည်းအဝေး (ASEAN Defence Ministers' Meeting Retreat) ကို နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ပုဂံမြို့ Aureum Palace Hotel ၌ ကျင်းပ မည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း ပြည်ပသတင်းထောက်များ အနေဖြင့် www.asean 2014.gov. mm မှ Home Page တွင်ရှိသည့် Upcoming Events ၌ ASEAN Defence Ministers' Meeting Retreat ကိုနှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGI-STRATION FORMတွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး Go ပြုလုပ်ရန်၊ မှတ်ပုံ တင်ခြင်းကို ယနေ့မှစ၍ အောက်တို ဘာ ၃၁ ရက် နောက်ဆုံးထားဆောင် ရွက်ရန်နှင့် ဝင်ထွက်ခွင့် ကတ်များကို နိုဝင်ဘာ ၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် ပုဂံမြို့ အစည်းအဝေးကျင်းပ မည့်နေရာ၌ ထုတ်ပေးမည်ဖြစ် ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များ အနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာ လျှောက်ထားကြရမည်ဖြစ် ကြောင်းနှင့် အစည်းအဝေးနှင့် ပတ်သက်၍ သိရှိလိုပါက ကာကွယ် ရေးဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၄၀၄၄၂၅ သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၃၀**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၁၃၀၀ | - | ၆၅၂၃၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၁၀၀၀ | - | ၆၅၂၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၉၉၂. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၂၅၈. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၆၁. ၃၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၀. ၆၃၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၂. ၉၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၁၁၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၉၀၆. ၇၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၄. ၀၃၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၆၄. ၂၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၇၇၈. ၂၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**



## ချမ်းမြေ့ကုသိုလ်ဖြစ် မျက်စိဆေးခန်းတွင် မျက်စိရောဂါဝေဒနာရှင်များကို အခမဲ့ကုသပေးမည်

**ရန်ကုန် စက်တင်ဘာ ၃၀**

ကမ္ဘာ့ဗုဒ္ဓသာသနာပြု ချမ်းမြေ့ ဆရာတော်၏တပည့် ဒါယကာ၊ ဒါယိကာမများဖြစ်သော ထိုင်းနိုင်ငံမှ မျက်စိအထူးကု ဆရာဝန်ကြီးများနှင့် အဖွဲ့သည် မှော်ဘီချမ်းမြေ့ရိပ်သာ ကုသိုလ်ဖြစ် မျက်စိဆေးခန်းတွင် မျက်စိ ရောဂါဝေဒနာရှင်များကို စတုတ္ထ အကြိမ်မြောက် အခမဲ့စမ်းသပ်ကုသ ပေးမည်ဖြစ်ပြီး အထူးသဖြင့် အတွင်း တိမ်ရောဂါဝေဒနာရှင်များကို ခွဲစိတ် ကုသပေးမည်ဖြစ်သည်။

မျက်စိရောဂါဝေဒနာ ကုသလို သော ပုဂ္ဂိုလ်များသည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း အမှတ် (၅၅/ က)ရှိ ချမ်းမြေ့ရိပ်သာကျောင်း ဖုန်း ၀၁-၆၅၂၅၈၅နှင့် ၀၉-၇၃၀၁၂၃၃၃ တို့သို့ အောက်တိုဘာ ၈ ရက်မတိုင်မီ ဆက်သွယ် စာရင်းပေးသွင်းနိုင်ပြီး ကနဦး မျက်စိစမ်းသပ်စစ်ဆေးခြင်းကို ရန်ကုန်ချမ်းမြေ့ရိပ်သာ၌ အောက် တိုဘာ ၁၀ ရက်တွင် စတင်ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**



ပြည်တွင်းရေးရာ

# တိုင်းချစ်ပြည်ချစ် နိုင်ငံချစ်စိတ်အပြည့်အဝနဲ့ လက်တွဲပူးပေါင်းပြီး အကြမ်းဖက်အန္တရာယ်ကို ကာကွယ်တားဆီး

☆ ရွှေဖုံးမှ

ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ အဖွဲ့စွဲနဲ့ အယူဝါဒအစွဲများကို ဘေးဖယ်ပြီး ရရှိထားတဲ့ နိုင်ငံရေးဖြစ်ထွန်းမှုများ ဆက်လက်ရှင်သန်ရေးကို အာရုံပြု လုပ်ဆောင်သွားကြဖို့ အလေးအနက်တိုက်တွန်းလိုပါတယ်။

ကျွန်တော့်အနေနဲ့ စက်တင်ဘာလ လဆန်းပိုင်းမှာ ဂျာမနီ၊ ဆွစ်ဇာလန်နဲ့ နယ်သာလန်နိုင်ငံများကို ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပါတယ်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနဲ့အတူ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့အသိုင်းအဝိုင်းမှာ ဂုဏ်သိက္ခာရှိရှိ ပြန်လည်ရပ်တည်နိုင်ဖို့အတွက် နိုင်ငံတကာထောက်ခံမှု ပိုမိုလိုအပ်တာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အခုလို ပြည်ပခရီးစဉ်များကို စီစဉ်ပြီး မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ ဒီမိုကရေစီအသွင် ကူးပြောင်းရေးလုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးဖြစ်စဉ်များကို နိုင်ငံတကာကို အသိပေး သတင်းစကားပါးနေတာလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံအပေါ်မှာ နိုင်ငံတကာရဲ့အမြင်ပြောင်းလဲလာတာနဲ့အမျှ ကျွန်တော်တို့နိုင်ငံအတွက် အရေးတကြီးလိုအပ်နေတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ များစွာအကျိုးဖြစ်ထွန်းလာမှာဖြစ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ နိုင်ငံရေးတည်ငြိမ်မှုအတွက် အထူးအရေးကြီးသလို ဒီနိုင်ငံရေးတည်ငြိမ်မှုကသာလျှင် လက်ရှိ ကျွန်တော်တို့လူ့အဖွဲ့အစည်းချီတက်နေတဲ့ ဒီမိုကရေစီအခြေတည်ခိုင်မာရေးကို အဓိကမဏ္ဍိုင်တစ်ရပ်အနေနဲ့ ထောက်ကူပေးနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်အခုခရီးစဉ်အတွင်း သွားရောက်ခဲ့တဲ့ နိုင်ငံများဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသက်သက်သာမက လူသားအရင်းအမြစ်၊ နည်းပညာပိုင်းနဲ့ နိုင်ငံရေးစနစ်များမှာ များစွာမှုပင် ရှေ့တန်းကချီတက်နေတဲ့ နိုင်ငံများဖြစ်တဲ့အတွက် ဒီခရီးစဉ်က ကျွန်တော်တို့နိုင်ငံအတွက် အကျိုးရှိမယ့် အတွေ့အကြုံများစွာ ရရှိခဲ့ပါတယ်။

ဒီနိုင်ငံများရဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်များ၊ လူသားအရင်းအမြစ်ပျိုးထောင်မှု၊ ပညာရေးစနစ်များ၊ အင်စတီကျူးရှင်းများရဲ့ လုပ်ငန်းစွမ်းဆောင်ရည်နဲ့ ကုမ္ပဏီကြီးများရဲ့ စီးပွားရေးမဟာဗျူဟာအမြင်များကို လေ့လာခဲ့ပြီး ကျွန်တော်တို့နိုင်ငံအတွက် လေ့လာသင်ယူစရာတွေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ဖွယ်ရာများကိုပါ လေ့လာခဲ့ပါတယ်။ ဥရောပသုံးနိုင်ငံခရီးစဉ်အတွင်းမှာ သဘာဝသယံဇာတထုတ်ယူတဲ့ စီးပွားရေးကဏ္ဍများမှာထက် နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ၊ သုတေသနလုပ်ငန်းများနဲ့ ခရီးသွားလုပ်ငန်းကဏ္ဍများမှာ ပိုမိုပူးပေါင်း ဆောင်ရွက်ဖို့နဲ့ လတ်တလောမှာ လုပ်ငန်းခွင်ဝင်ရောက်ရေးအတွက် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွမ်းမံပေးနိုင်မယ့် အလားအလာများနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ပါတယ်။

နိုင်ငံတကာမိတ်ဖက်များ တိုးတက်ရရှိလာတာနဲ့အမျှ ကူးလူးဆက်ဆံမှုများနဲ့ ရင်းနှီးမြှုပ်နှံမှုများပိုမိုတိုးတက်လာတော့မှာဖြစ်တဲ့အတွက် ကျွန်တော်တို့မြန်မာနိုင်ငံသားများအားလုံးအနေနဲ့လည်း ဒီအခွင့်အရေးများကို အမိအရဆုပ်ကိုင်ထားပြီး သက်ဆိုင်ရာကဏ္ဍအသီးသီးမှာ ဝင်ရောက်သင်ယူလုပ်ကိုင်နိုင်ဖို့အတွက် ပြင်ဆင်ထားကြရမှာပဲဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ စက်တင်ဘာ ၂၃ ရက်နေ့မှာ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့ (၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများ အစည်းအဝေးမှာ အာဆီယံဒေသတွင်းက သက်ဆိုင်ရာဝန်ကြီးများကို လက်ခံတွေ့ဆုံခဲ့ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ရေ၊ မြေအနေအထားများဟာ လယ်ယာကဏ္ဍအတွက် သဘာဝကပေးထားတဲ့ အားသာချက်တွေပဲဖြစ်ပါတယ်။ ရိုးရာနည်းစနစ်နဲ့ စိုက်ပျိုးရေးစနစ်များကနေ လုပ်သားအင်အားနည်းနည်းသာသုံးရတဲ့၊ အရင်းအနှီးနည်းပြီး အကျိုးအမြတ်များတဲ့ အရည်အသွေးမြင့်လယ်ယာထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်မှုဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့အတွက် များစွာအရေးပါတဲ့ ကိစ္စများဖြစ်တဲ့အတွက် လယ်ယာကဏ္ဍကိုလည်း ကျွန်တော်တို့အနေနဲ့ မဟာဗျူဟာကဏ္ဍတစ်ရပ်အဖြစ် ရှုမြင်အကောင်အထည်ဖော်လျက်ရှိပါတယ်။

လက်ရှိမှာ ကျွန်တော်တို့မြန်မာနိုင်ငံအပါအဝင် အာဆီယံဒေသအတွက် စိုးရိမ်ပူပန်မှုတိုးပွားစရာဖြစ်လာတဲ့ ကိစ္စရပ်နှစ်ရပ်ရှိပါတယ်။ ပထမတစ်ခုကတော့ ကမ္ဘာကိုခြိမ်းခြောက်လာတဲ့ ကူးစက်မြန်ရောဂါတွေပဲဖြစ်ပါတယ်။ ကူးစက်မြန်ရောဂါများရဲ့ စိန်ခေါ်မှုဟာ အသစ်မဟုတ်ပေမယ့် နိုင်ငံတကာမှာ ကူးလူးဆက်ဆံမှုတွေ မြင့်မားလာတာ၊ လူဦးရေသိပ်သည်းဆမြင့်မားလာတာတွေကြောင့် ရောဂါကူးစက်မှု ပိုမိုမြန်ဆန်လာပါတယ်။ အနောက်အာဖရိကမှာ စတင်ခဲ့တဲ့ အီဘိုလာရောဂါ ကူးစက်ခံနိုင်ငံများကို ကျွန်တော်တို့အနေနဲ့ လူသားချင်းစာနာ နားလည်ပေးနိုင်သလို ကျွန်တော်တို့ဒေသတွင်းအတွက်လည်း စိုးရိမ်ပူပန်ရပါတယ်။ ဒါ့အပြင် ဇီဝလက်နက်များ အသုံးပြုပြီး အကြမ်းဖက်တိုက်ခိုက်လာနိုင်ခြေများကလည်း စိုးရိမ်ပူပန်မှုများကို ပိုမိုတိုးပွားစေပါတယ်။ ဒါကြောင့် ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့သာမက အာဆီယံဒေသအနေနဲ့ပါ ဒီလိုကူးစက်မြန်ရောဂါတွေကို ကာကွယ်ထိန်းချုပ်ဖို့ ဝိုင်းဝန်းကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။

ဒုတိယစိန်ခေါ်မှုကတော့ ရာသီဥတုဖောက်ပြန်မှုများကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာတဲ့ ကိစ္စဖြစ်ပြီး အာဆီယံဒေသက မြို့ကြီးအတော်များများဟာ ရေကြီးမှုအန္တရာယ်ကို တွေ့ကြုံခံစားလာရပြီဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုတွေကြောင့် ပေါ်ပေါက်လာတဲ့ ဆိုးရွားတဲ့ ရာသီဥတုဖောက်ပြန်မှုများရဲ့ ဒဏ်တွေကို ရှေ့မှာ မလွဲမသွေ ပိုပြီးရင်ဆိုင်လာရတော့မှာဖြစ်ပါတယ်။ မုန်တိုင်းဒဏ်တစ်ခုကြောင့် လူ့အသက်ပေါင်း တစ်သိန်းကျော်ဆုံးရှုံးခဲ့ရတဲ့ နာကျင်ခံစားမှုမျိုး ကျွန်တော်တို့နိုင်ငံမှာ တွေ့ကြုံခံစားခဲ့ရဖူးပါတယ်။ မုန်တိုင်းကာလအလွန် ပြန်လည်ထူထောင်ရေးတွေကို အထိုက်အလျောက် လုပ်ကိုင်နိုင်သည့်တိုင် မုန်တိုင်းဒဏ်ခံပြည်သူများရဲ့ ပျက်စီးသွားတဲ့ စိတ်ဓာတ်ခွန်အားတွေ ပြန်လည်ရရှိဖို့ ဒီကနေ့အချိန်ထိ ကုစားမှုတွေ လုပ်ဆောင်နေရဆဲဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒီလိုအဖြစ်အပျက် သင်ခန်းစာတွေကနေ တစ်ဆင့် ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာတဲ့ သဘာဝဘေးအန္တရာယ်တွေကို တုံ့ပြန်ရင်ဆိုင်နိုင်ဖို့ ဒေသတွင်းမဟာဗျူဟာတစ်ခုကို နောင်ဆယ်စုနှစ် သုံးလေးခုစာလောက်မျှော်မှန်းပြီး ချမှတ်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ကမ္ဘာလုံးချီတဲ့ ရာသီဥတုဆိုးရွားဖောက်ပြန်မှုတွေကို တုံ့ပြန်ရင်ဆိုင်ဖို့ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ကြတဲ့အခါ အာဆီယံနိုင်ငံတွေရဲ့ အသံ၊ အမြင်၊ ရပ်တည်ချက်တွေပါဝင်ဖို့ အတူတကွ ခိုင်ခိုင်မာမာလုပ်ဆောင်သွားကြရမှာဖြစ်ပါတယ်။

ဒီကနေ့ ကမ္ဘာ့လူသားများရဲ့ လူ့အခွင့်အရေးနဲ့ အေးချမ်းသာယာစွာ ရပ်တည်နေထိုင်ရေးကို အထူးခြိမ်းခြောက်လာတဲ့ကိစ္စရပ်ကတော့ ကမ္ဘာလုံးချီ အကြမ်းဖက်ဝါဒပဲဖြစ်ပါတယ်။ မကြာသေးမီက ကျွန်တော်တို့ မြန်မာနိုင်ငံကို ဦးတည်ခြိမ်းခြောက်ခဲ့မှုများဟာ သိပ်ပြီးစိုးရိမ်စရာမရှိသည့်တိုင် လုံခြုံရေးအသိ၊ သတိရှိရှိနဲ့ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကနေတစ်ဆင့် ရရှိလာတဲ့ ဖြေလျှော့မှုများ၊ လျှော့ပါးသွားတဲ့ ကန့်သတ်ချက်များကနေ ပေါ်ပေါက်လာတဲ့ အခွင့်အလမ်းများကို အလွဲသုံးပြီး ကိုယ်ကျိုးစီးပွားအတွက် အသုံးချမယ့်ကိစ္စရပ်များ၊ ခြိမ်းခြောက်မှုများကို ကြုံတွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ လူမျိုးရေး၊ ဘာသာရေးအသွင်ဆောင်တဲ့ ပဋိပက္ခများဟာလည်း ယခုလိုလုပ်ရပ်တွေကြောင့် ပေါ်ပေါက်ခဲ့တာဖြစ်ပါတယ်။

နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုကို မလိုလားတဲ့၊ အဟန့်အတားပြုလိုတဲ့ အင်အားစုများကလည်း သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်လာနိုင်တဲ့အတွက် ကျွန်တော်တို့မြန်မာနိုင်ငံသားအားလုံးအနေနဲ့ ဒီလိုကိစ္စရပ်များကို အသိရှိရှိ တုံ့ပြန်ဆောင်ရွက်ကြရမှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့လူ့အဖွဲ့အစည်းဟာ နှစ်ပေါင်းရာနဲ့ချီပြီး မတူကွဲပြားမှုများကို နားလည်လက်ခံ စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့တဲ့သမိုင်းကြောင်းအခိုင်အမာရှိခဲ့ပြီးဖြစ်ပါတယ်။

မျိုးနွယ်စုနဲ့ ကိုးကွယ်ယုံကြည်မှုများ မည်သို့ပင်ကွဲပြားစေကာမူ အားလုံးမှာ တူညီတဲ့အချက်ကတော့ မြန်မာ့ရေမြေပေါ်မှာ ဒိုးတူပေါင်ဖက်နေထိုင်၊ လုပ်ကိုင်၊ စားသောက်ကြပြီး နိုင်ငံသားတိုင်းဟာ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအပေါ်မှာ ချစ်ခင်ကြတဲ့စိတ်ပဲဖြစ်ပါတယ်။ ဒီစိတ်ဓာတ်တန်ဖိုးများကိုအခြေခံပြီး နိုင်ငံသားအချင်းချင်းအကြား စိတ်ဝမ်းကွဲပြားမှုများ မဖြစ်စေဖို့နဲ့ ဘေးပယောဂအဖျက်အမှောင့်များကို နားမယောင်ဘဲ ဆန့်ကျင်တုံ့ပြန်ကြရမှာဖြစ်ပါတယ်။ မိမိတို့အစိုးရအဖွဲ့၊ လွှတ်တော်များ၊ တရားစီရင်ရေးအဖွဲ့များ၊ တပ်မတော်၊ လုံခြုံရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနဲ့ နိုင်ငံသားအားလုံးက တစိတ်တဝမ်းတည်း တိုင်းချစ်ပြည်ချစ် နိုင်ငံချစ်စိတ်အပြည့်အဝနဲ့ လက်တွဲပူးပေါင်းပြီး အကြမ်းဖက်အန္တရာယ်ကို ကာကွယ်တားဆီးရာမှာ ပူးပေါင်းပါဝင်ကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**မိဘပြည်သူများ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေ။**

## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်ရှိ ကျေးရွာများမှ ခရိုင်ကော်မတီဝင် ဦးအောင်ငွေခေါင်းဆောင်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင် ၂၃ ဦး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကိုးကန့်ယဉ်ကျေးမှုအဖွဲ့မှ အကြံပေးအရာရှိ ဦးချိန်ကောင်းရှင်း ခေါင်းဆောင်သည့် ကိုးကန့်တိုင်းရင်းသား ၁၁၂ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေ(ဝေါမဲဆန္ဒနယ်)၏ မိသားစုဝင်နှစ်ဦး စုစုပေါင်း ၁၃၇ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပနေမှုကို လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**သစ်တော သစ်ပင်**
**ဒို့ချစ်ခင်**
**အစဉ်စိုက်ပျိုး**
**အလှတိုး**

## ရဲတပ်ဖွဲ့နေ့ဂုဏ်ပြု သန့်ရှင်းရေးဆောင်ရွက်

**လှည်းကူး စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀)မြောက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့မရဲတပ်ဖွဲ့စခန်းမှ မြို့နယ်မှူး ယုနိုင်ဦးစီးအင်အား ၆၀ တို့သည် စက်တင်ဘာ ၂၀ ရက် နံနက် ၇ နာရီက လှည်းကူးမြို့ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း အမှိုက်များရှင်း၍ ချုံနွယ်များခုတ် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ကြရာ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများ၊ စည်ပင်အဖွဲ့ကပါ ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **လှကြွယ်(မြို့နယ်ပြန်/ဆက်)**













# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံလုံးဆိုင်ရာ ကိုးကန့်ယဉ်ကျေးမှုအဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကျင်းပမှုကို လာရောက်လေ့လာကြသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကိုးကန့်ယဉ်ကျေးမှုအဖွဲ့မှ အကြံပေးအရာရှိ ဦးချိန်ကောင်းရှင်း ခေါင်းဆောင်သည့် ကိုးကန့်တိုင်းရင်းသားများအား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးဟော်ရှောက်ချန်း၊ ဦးကျော်နိုင်၊ ဦးစိုင်းမြင့်အေးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် အမှတ်တရ လက်ဆောင်များပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၅)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဝမ်ယိ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော နိုင်ဂျီးရီးယားဖက်ဒရယ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ နိုင်ဂျီးရီးယားဖက်ဒရယ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးမစ္စတာ အိုလု(က်)ဘင်ဂျာ အရှီရူ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



# အမျိုးသားလွှတ်တော်စုပေါင်းခန်းမ၌ အပြန်အလှန်ဆွေးနွေးခြင်း (Debate) အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃၀**

နေပြည်တော်အမျိုးသားလွှတ်တော် အဆောက်အအုံ စုပေါင်းခန်းမ၌ ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် အပြန်အလှန်ဆွေးနွေးခြင်း (Debate)ကို "Public Policy Making and Capacity Building" ခေါင်းစဉ်ဖြင့် ကျင်းပရာအမျိုးသားလွှတ်တော် မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီဥက္ကဋ္ဌ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားကာ စာရေးဆရာလင်းသိုက်ညွန့်က အပြန်အလှန်ဆွေးနွေးပွဲနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးကြရာ စာရေးဆရာလင်းသိုက်ညွန့်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

# အမျိုးသားလွှတ်တော်၏အခန်းကဏ္ဍနှင့် ဥပဒေပြုရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၃၀**

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ထိုင်း-မြန်မာ လွှတ်တော်ချင်းချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဦးခင်မောင်ရီအား ထိုင်းအထက်လွှတ်တော်ရုံး အတွင်းရေးမှူးချုပ် Mrs.Nararut Pimsen ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီအဆောင် အမှတ်(၂၀) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်၏ အခန်းကဏ္ဍနှင့် ဥပဒေပြုရေး၊ အမျိုးသားလွှတ်တော်နှင့် ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်း၊ ၂၀၁၅ ခုနှစ် အာဆီယံ အသိုက်အဝန်း ထူထောင်မှုဆိုင်ရာကိစ္စ၊ ထိုင်းနိုင်ငံအထက်လွှတ်တော်၊ အတွင်းရေးမှူးရုံးနှင့် မြန်မာနိုင်ငံ အမျိုးသား လွှတ်တော်တို့အကြား ချိတ်ဆက်ဆောင်ရွက်မှုများ မြှင့်တင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သတင်းထုတ်ပြန်ချက်

၁။ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ထုတ် Weekly Eleven News ဂျာနယ်ပါ "အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေက နိုင်ငံပိုင်မီဒီယာများကို သွယ်ဝိုက်သောအားဖြင့် ပြည်သူ့ဘဏ္ဍာငွေအလွဲသုံးစားမှုပြုလုပ်ရန် ခွင့်ပြုနေသလား" ဟူသော မျက်နှာဖုံးသတင်း အတွင်းစာမျက်နှာတွင် "ပုံနှိပ်စက်သုံးလုံးကနေ ငါးလုံးအထိ(ပြန်ကြားရေး)က တင်ဒါခေါ်တယ်၊ အောင်ထားတယ်၊ အဲဒီပုံနှိပ်စက်တွေရဲ့ ဈေးနှုန်းကို ပြန်ကြည့်တဲ့အခါမှာ သတ်မှတ်ဈေးနှုန်းထက် ပိုနေတာတွေ တွေ့ပါတယ်။ ဥပမာအားဖြင့် စက်တစ်လုံးကို အမေရိကန်ဒေါ်လာရှစ်သိန်းဝန်းကျင်ပဲရှိတဲ့စက်ဟာ ပြန်ကြားရေးဝန်ကြီးဌာနမှ တင်ဒါအောင်ထားတဲ့ ဈေးနှုန်းက အမေရိကန်ဒေါ်လာ တစ်သန်းကျော်ဖြစ်နေတာမျိုးတွေပေါ့။ တချို့စက်တွေဆိုရင် အမေရိကန်ဒေါ်လာ လေးငါးသိန်းလောက်နဲ့ပြီးရမယ့်စက်က ဒေါ်လာသန်းကျော်ဖြစ်နေတဲ့အခါကျတော့ အဲ့ဒီကွာဟချက်မှာ ဘယ်လိုခြစားမှုတွေ/အလွဲသုံးစားမှုတွေ ရှိနေသလဲ"ဟု Daily Eleven သတင်းစာမှ အမှုဆောင်အယ်ဒီတာ နေထွန်းနိုင်၏ပြောကြားချက်ကို ကိုးကားရေးထားသည်ကို တွေ့ရှိရပါသည်။

၂။ Eleven Media မှအပတ်စဉ် Weekly Eleven News ဂျာနယ်တွင် ဖော်ပြခဲ့သော အထက်ပါသတင်းကြောင့် ပြည်သူများအတွင်းတွင်လည်းကောင်း၊ နိုင်ငံရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင်လည်းကောင်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ဂုဏ်သိက္ခာနှင့်လွှတ်တော်သို့ တင်သွင်းထားသည့် အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေအပေါ် အထင်အမြင်လွဲမှားမှုများ ပေါ်ပေါက်လာစေနိုင်ပါသဖြင့် Weekly Eleven News ဂျာနယ်၏ ရေးသားချက်များ မှားယွင်းကြောင်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ပစ္စည်းဝယ်ယူရေးလုပ်ငန်းများအား ပွင့်လင်းမြင်သာစွာဖြင့် အစိုးရအဖွဲ့၏ တင်ဒါစည်းမျဉ်းများအတိုင်း ဆောင်ရွက်ခဲ့မှုအခြေအနေများအား ၆-၆-၂၀၁၄ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် အထောက်အထားများနှင့် ရှင်းလင်းပြောကြားခဲ့ပါသည်။ သို့သော်ငြားလည်း ၇-၆-၂၀၁၄ ရက်နေ့ထုတ် The Daily Eleven သတင်းစာတွင် မှားယွင်းသော အချက်အလက်များကို ထပ်မံဖော်ပြပြီး အများပြည်သူက အမှန်ဟုထင်ယောင်ထင်မှားဖြစ်အောင် ထပ်မံဖော်ပြခဲ့ပါသည်။ အဆိုပါမှားယွင်းဖော်ပြထားချက်များကို ပြင်ဆင်ဖော်ပြပေးရန် ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှတစ်ဆင့် နှစ်ကြိမ် ညှိနှိုင်းခဲ့သော်လည်း Eleven Media Group က ယင်းဖော်ပြချက်နှင့်ပတ်သက်၍ လုံးဝ (လုံးဝ) ပြင်ဆင်ပေးမည်မဟုတ်ကြောင်းနှင့် စာနယ်ဇင်းကောင်စီ(ယာယီ)နှင့်လည်း ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် အကြောင်းမရှိကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ ပုံနှိပ်စက်ဈေးနှုန်းများအမှုကိစ္စကို သတင်းဆောင်းပါးရေးသားမှုနှင့်ပတ်သက်၍ မိမိတို့ Eleven Media Group အား ညှိနှိုင်းရန်ဖိတ်ခေါ်ခြင်း၊ စာပို့အကြောင်းကြားခြင်းများ ထပ်မံမပြုလုပ်ပါရန် မေတ္တာရပ်ခံကြောင်း Eleven Media ၏ ပြန်ကြားချက်ကို မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) မှ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိပေးအကြောင်းကြားလာခဲ့ပါသည်။

၃။ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှတစ်ဆင့် နည်းလမ်းတကျ ညှိနှိုင်းဖြေရှင်းမှုကို Eleven Media Group က လက်ခံခြင်းမရှိသည့်အပြင် ဆင့်ကဲဆင့်ကဲ စွပ်စွဲရေးသားဖော်ပြမှုများ ပြုမူဆောင်ရွက်လာပါသည်။ အဆိုပါ ဖြစ်စဉ်များအရ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် စာနယ်ဇင်းလွတ်လပ်ခွင့်ကို ထိခိုက်စေလိုသည့် ဆန္ဒမရှိဘဲ Eleven Media Group မှထုတ်ဝေသော သတင်းစာ/ဂျာနယ်တို့၏ ဖော်ပြချက်များသည် ဌာနမှ ဝန်ထမ်းများ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်တွင်း၊ ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းတို့ကြောင့် တရားစီရင်ရေးမဏ္ဍိုင်အတွင်းမှ တရားမျှတမှုကို ရယူလိုပါသဖြင့် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**ပြည်တွင်း၊ ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**

# ပညာရေးဝန်ကြီးဌာန၏ ဖွဲ့စည်းပုံကိစ္စဆွေးနွေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃၀**

ပညာရေးဝန်ကြီးဌာန၏ ဖွဲ့စည်းပုံကိစ္စ ဆွေးနွေးပွဲ ဒုတိယနေ့အစီအစဉ်များကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတု အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ၊ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ အကြံပေးအဖွဲ့ နာယက ဆရာကြီး ဦးသန်းဦးနှင့် အကြံပေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသိမ်းမြင့်နှင့် ဖိတ်ကြားထားသူများ၊ ပညာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများမှ အဖွဲ့ခေါင်းဆောင်များ၊ ပညာရေး ကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပညာရေးညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက မိမိတို့ဦးစီးဌာနအလိုက် ရေးဆွဲထားသည့် အဆိုပြု ဖွဲ့စည်းပုံတစ်ခုချင်းစီ၏ ဖွဲ့စည်းပုံမူကြမ်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး၊ အကြံပေးပညာရှင်များနှင့် တက်ရောက်လာကြသူများက ပြင်ဆင်၊ ဖြည့်စွက်၊ ပြောင်းလဲရေးဆွဲသင့်သည်များကို အကြံပြုဆွေးနွေးခဲ့ကြကြောင်းနှင့် အရည်အသွေးပြည့်ဝသော ဆရာ ဆရာမများအား လေ့ကျင့်သင်ကြားမွေးထုတ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

## ❂ မြန်မာနိုင်ငံမှ

ကျရောက်နေပြီး အုပ်စု(ခ)၌ ဥဇဘက်ကစ္စတန်၊ သြစတြေးလျ၊ ယူအေအီး၊ အင်ဒိုနီးရှား၊ အုပ်စု(ဂ)၌ တောင်ကိုရီးယား၊ ဂျပန်၊ တရုတ်၊ ဗီယက်နမ်၊ အုပ်စု (ဃ) ၌ အီရတ်၊ မြောက်ကိုရီးယား၊ ကာတာနှင့် အိုမန်တို့ ပါဝင်ကြသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပွဲကြည့်လက်မှတ်များကို ပြိုင်ပွဲတစ်ခုလုံးအတွက် Special Package Ticket နှင့် ပွဲတစ်ပွဲချင်းအလိုက်ဟူ၍ နှစ်မျိုးခွဲ၍ ရောင်းချသွားမည်ဖြစ်သည်။ Special Package လက်မှတ်များကို အောက်တိုဘာ ၃ ရက်မှ ၇ ရက်အထိ ဘောလုံးအဖွဲ့ချုပ်တွင် တစ်စောင်လျှင် ကျပ်ငါးသောင်းနှုန်းဖြင့် စောင်ရေနှစ်ထောင်ခန့် ရောင်းချပေးသွားမည်ဖြစ်သည်။ ပွဲတစ်ပွဲချင်းအလိုက် လက်မှတ်များကို ပွဲမကစားမီ တစ်ရက်နှင့် ပွဲကစားမည့်ရက်တို့တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏကွင်း၊ စလင်းကွင်းနှင့် အောင်ဆန်းကွင်းတို့၌ နေရာသုံးခုခွဲ၍ ရောင်းချပေးသွားမည်ဖြစ်သည်။ အထူးတန်း ကျပ်ငါးထောင်၊ ရိုးရိုးတန်း ကျပ်နှစ်ထောင်သတ်မှတ်ထားပြီး ပွဲတစ်ပွဲလျှင် အထူးတန်း ၄၆၈၉ စောင်နှင့် ရိုးရိုးတန်း ၂၀၇၀၄ စောင်တို့ကို ရောင်းချပေးမည်ဖြစ်သည်။ ပြိုင်ပွဲတွင် မလိုလားအပ်သည့် ပြဿနာများ၊ ပရိသတ်များ၏ အလွန်အကြူးအားပေးမှုများမရှိစေရန် လုံခြုံရေးကို အထူးကြပ်မတ် ဆောင်ရွက်မည်ဖြစ်ပြီး အရက်သေစာသောက်သုံးထားသည့် ပရိသတ်များကို ကြည့်ရှုခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

**(ရှိုင်းထက်ဇော်)**

# ဒီမိုကရေစီအသွင်ကူးပြောင်းရေး သုံးနှစ်ခွဲအတွင်း သိသာထင်ရှားတိုးတက် မြန်မာနိုင်ငံ ငြိမ်းချမ်းစွာအသွင်ပြောင်းလဲမှုကို ကမ္ဘာကချီးကျူးလျက်ရှိ

**နယူးယောက် စက်တင်ဘာ ၃၀**

ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပလျက်ရှိသည့် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် စက်တင်ဘာ ၂၉ ရက်တွင် အထွေထွေမူဝါဒရေးရာ မိန့်ခွန်းကို ပြောကြားခဲ့သည်။

ယင်းမိန့်ခွန်းတွင် မိမိတို့ ယခုကဲ့သို့ စုစည်းရောက်ရှိနေသည့် အခါသမယမှာ ကမ္ဘာကြီးအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ အရေးကြီးသော စိန်ခေါ်မှုများနှင့် လုံခြုံရေးခြိမ်းခြောက်မှုများ ကြုံတွေ့နေရချိန်ဖြစ်ပြီး စုပေါင်းလက်တွဲပြီး ဆောလျင်စွာ ဖြေရှင်းရန် လိုအပ်နေသည့် အချိန်ဖြစ်ပါကြောင်း၊ ကမ္ဘာ့အစိတ်အပိုင်းအချို့၏ ဒေသကြီးအတွင်း သို့မဟုတ် ဒေသတွင်းတွင် ပေါ်ပေါက်နေသော ပဋိပက္ခများ၏ အရေအတွက်နှင့် ပမာဏသည်လည်း ကြီးထွားလာနေပါကြောင်း၊ လူသန်းပေါင်း တစ်ထောင်ခန့်သည်လည်း ဆင်းရဲနွမ်းပါးနေဆဲဖြစ်ပါကြောင်း။

ရာသီဥတုပြောင်းလဲမှုသည် သိပ္ပံပညာရပ်ဆိုင်ရာ အငြင်းပွားဖွယ် ကိစ္စတစ်ရပ် မဟုတ်တော့ပါကြောင်း၊ အသက်ရှင်ရပ်တည်မှုဆိုင်ရာ ကိစ္စရပ်ဖြစ်သည့်အတွက် အရေးတကြီး လုပ်ဆောင်သွားရန် လိုအပ်ပါကြောင်၊ မြန်မာနိုင်ငံအနေဖြင့် အဓိပ္ပာယ်ပြည့်ဝကာ လက်တွေ့လည်း အကောင်အထည်ဖော်နိုင်မည့် ရာသီဥတုဆိုင်ရာ တစ်ကမ္ဘာလုံးပါဝင်သည့် သဘောတူညီချက်တစ်ရပ်ကို ပါရီမြို့၌ ၂၀၁၅ ခုနှစ်တွင် ပေါ်ထွက်လာရန် နိုင်ငံတကာအသိုက်အဝန်းနှင့် အတူတကွဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အနောက်အာဖရိကတွင် အီဘိုလာဖြစ်ပွားမှုသည် ထိတ်လန့်ဖွယ်ဖြစ်ပြီး လူသားတစ်ရပ်လုံးနှင့် သက်ဆိုင်သော ဘုံစိန်ခေါ်မှုဖြစ်ပါကြောင်း၊ စီးပွားရေး၊ လူမှုရေး၊ လူသားချင်း စာနာထောက်ထားမှု၊ နိုင်ငံရေးနှင့်လုံခြုံရေးဆိုင်ရာ အိပ်မက်ဆိုးများဖြစ်မလာမီ ရနိုင်သော အရင်းအနှီးနှင့်ကျွမ်းကျင်မှုအားလုံးကို စုစည်းပြီး အသုံးချသွားရမှာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အတွင်းရေးမှူးချုပ်၏ အီဘိုလာအရေး ပေါ်တုံ့ပြန်မှုဆိုင်ရာ ကုလသမဂ္ဂအဖွဲ့ကို ကြိုကြိုတင်တင်ထူထောင်ပြီး မြန်ဆန်စွာ အချိန်ကိုက်တုံ့ပြန်မှုကို ကြိုဆိုပါကြောင်း။

မည်သည့်အကြောင်းပြချက် သို့မဟုတ် မည်သည့်အခြေအနေမျိုးတွင်မဆို အကြမ်းဖက်မှုကျူးလွန်ခြင်းကို လျစ်လျူရှုမထားနိုင်ပါကြောင်း၊ ဘာသာရေးကို ခုတုံးပြုလျက် ရက်စက်စွာ သတ်ဖြတ်ခြင်း၊ သေကျေစေခြင်းများကို သည်းခံခွင့်လွှတ်ရမည် မဟုတ်ပါကြောင်း၊ အကြမ်းဖက်မှုကို မည်သည့်ပုံစံနှင့် သရုပ်သဏ္ဌာန်မျိုးနှင့်မဆို ကျူးလွန်ခြင်းအား မြန်မာနိုင်ငံအနေဖြင့် အစဉ်အမြဲ ဆန့်ကျင်လျက်ရှိပါကြောင်း၊ ဆိုးရွားလှသည့် ရာဇဝတ်မှုများ ကင်းစင်သွားရန် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ညီညွတ်စွာ လုပ်ဆောင်သွားရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော ပြောင်းလဲမှုများ အကျိုးကျေးဇူးကြောင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ယခင်ကထက် ပိုမိုကောင်းမွန်သော ဆက်ဆံရေးရှိပါကြောင်း၊ ကုလသမဂ္ဂနှင့်၎င်း၏ အဖွဲ့အစည်းများသည် မြန်မာနိုင်ငံအပေါ် ဘက်ပေါင်းစုံမှ အကူအညီများပေးလျက်ရှိပါကြောင်း၊ အစိုးရအနေဖြင့် မိမိ၏ကဏ္ဍမှ ၎င်းတို့၏ လုပ်ငန်းဆောင်တာများ ထိရောက်စွာ အကောင်အထည် ဖော်သွားရန် အတွက် ပံ့ပိုးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးသောနိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အစုလိုက်အပြုံလိုက် သေကျေစေသည့် လက်နက်များကို ရှုတ်ချဆန့်ကျင်ပါကြောင်း။

နိုင်ငံတကာ ပင်မလက်နက်ဖျက်သိမ်းရေးစာချုပ်များသို့ အတည်ပြုပါဝင်ရေးအတွက် မြန်မာနိုင်ငံသည် ပြည်တွင်း ပြင်ဆင်မှုများပြုလုပ်နေပြီသည် တပ်မတော်အစိုးရက လွှတ်တော်(ပါလီမန်)၌ ဆွေးနွေးမှုများမှ တစ်ဆင့် မတူကွဲပြားမှုများကို ကျော်လွှားနိုင်ရန် နိုင်ငံရေးအင်အားစု အားလုံး အတူတကွပါဝင်လုပ်ဆောင်နိုင်သည့် ပါတီစုံဒီမိုကရေစီစနစ်သို့ ငြိမ်းချမ်းစွာ ပြောင်းလဲခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊အားလုံးပါဝင်နိုင်သော နိုင်ငံရေးစနစ်တည်ထောင်ခဲ့ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်မှ တစ်ဆင့် သက်ဆိုင်သူများအားလုံးကို ယင်းလုပ်ငန်းစဉ်တွင် ပါဝင်စေခဲ့ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှု၏ ပထမအဆင့်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်ခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်များ ပေးအပ်ခြင်း၊ ကျယ်ပြန့်သော နိုင်ငံရေးနယ်ပယ်များ၊ မီဒီယာလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်တို့ ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ထို့နောက်တွင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်မှုနှင့် ပုဂ္ဂလိကဖွံ့ဖြိုးတိုးဆောင်ရွက်ဖွယ်ရာ အများအပြားကို အကောင်အထည်ဖော်ဆောင်ရာမှ ကျွမ်းကျင်သူပိုင်းဆိုင်ရာ အကန့်အသတ်များလည်း ကြုံတွေ့နေရပါကြောင်း၊ ထိုအကန့်အသတ်များကို ကျော်လွှားသွားရန်လည်း သန္နိဋ္ဌာန်ချမှတ်ထားပါကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီအသိုက်အဝန်းတစ်ခုအတွက် ခိုင်မာသော အခြေခံများ ချမှတ်နိုင်ရန် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းဆောင်ရည်တည်ဆောက်မှုတို့အတွက် ကြိုးပမ်းအားထုတ်မှုများကို နိုင်ငံတကာအသိုက်အဝန်း၏ သဘောပေါက်နားလည်မှုနှင့် ဆက်လက်ထောက်ခံမှုတို့ လိုအပ်ပါကြောင်း။

ပြည်တွင်းနှင့် နိုင်ငံတကာ၏ အာရုံစူးစိုက်မှုရှိနေသည့် ကိစ္စတစ်ရပ်မှာ မြန်မာနိုင်ငံ၏ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးလုပ်ငန်းစဉ်ပင်ဖြစ်ပါကြောင်း၊ ထို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သုံးသပ်ရေး ပူးတွဲကော်မတီကို ပြည်ထောင်စုလွှတ်တော်က ပြီးခဲ့သည့်နှစ် ဇူလိုင်လက



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ (၆၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ဟုပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံက ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (၁၉၇၂) သို့ အတည်ပြုပါဝင်ရေးကို ပြည်ထောင်စုလွှတ်တော်၌ သဘောတူညီခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် သုံးနှစ်ကာလကတည်းကစပြီး အပြောင်းအလဲများ ဖြစ်ပေါ်ပျံ့နှံ့လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် အပြုသဘောပြောင်းလဲမှုများ၏ နယ်ပယ်နှင့်အရှိန်အဟုန်တို့ကြောင့် နိုင်ငံတကာအသိုက်အဝန်း၏ ထင်ရှားသော အသိအမှတ်ပြုမှုများ၊ အားပေးအားမြှောက်ပြုမှုများကို ရရှိခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည် နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ချမှတ်ပြီး လွန်ခဲ့သောသုံးနှစ်ကျော်က စတင်ဆောင်ရွက်ခဲ့သည့် ငြိမ်းချမ်းသော ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုတွင် ကောင်းမွန်သည့် တိုးတက်မှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

ပထမအဆင့် ပြုပြင်ပြောင်းလဲမှုတက်မှုပြုပြင်ပြောင်းလဲမှုတို့ စုစည်းပါဝင်သော ဒုတိယအဆင့် ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ခဲ့ပါကြောင်း။

ယနေ့ဆိုလျှင် ဒီမိုကရေစီနိုင်ငံအသစ်အတွက် ခိုင်မာသော အခြေခံအုတ်မြစ်တစ်ရပ်ကို ချမှတ်သွားနိုင်ရေးနှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ၎င်းတို့၏ လူမှု-စီးပွားရေးလိုလားချက်များဖြည့်ဆည်းသွားနိုင်မည့် တတိယအဆင့် ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အာမခံဆောင်ရွက်ခြင်းဖြင့် ပြုပြင်ပြောင်းလဲမှုကို လမ်းကြောင်းမှန်အတိုင်း ထိန်းသိမ်းသွားရန် မိမိတို့အနေဖြင့် ဆုံးဖြတ်ထားကြောင်း၊ မိမိတို့၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုသည် နုနယ်သေးသည့်အတွက် အခြားသောအကူးအပြောင်းကာလတွင်ရှိသည့် နိုင်ငံများနည်းတူ ခက်ခဲနက်နဲသောစိန်ခေါ်မှုများကို ရင်ဆိုင်နေရပါကြောင်း၊ အစိုးရအနေဖြင့် ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ပြည်သူများနှင့် နိုင်ငံရေးပါတီများ၏ အကြံပြုချက်များကို ရယူခဲ့ပါကြောင်း၊ အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှု အကောင်အထည်ဖော်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း။

ဒီမိုကရေစီ၏ အနှစ်သာရများကို လက်တွေ့ကျင့်သုံးသည့်အနေဖြင့် လွတ်လပ်ပြီး မျှတသော ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည့် အခြေခံများ ချမှတ်လျက်ရှိပါကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ နိုင်ငံရေးရာဌာန၊ ရွေးကောက်ပွဲအကူအညီပေးရေးဌာနခွဲမှ လိုအပ်ချက်များ လေ့လာသုံးသပ်ရေး ကိုယ်စားလှယ်အဖွဲ့ မကြာသေးမီက မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပါကြောင်း။

နိုင်ငံရေးပါတီများအနေဖြင့်လည်း ရွေးကောက်ပွဲသို့ ပါဝင်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ နောက်ဆုံး အဆုံး



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

အဖြတ်ရလဒ်ကို ရွေးကောက်ပွဲနေ့တွင် ပြည်သူများက ဆုံးဖြတ်ပေးသွားမှာဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် တစ်ရပ်ရရှိရန် တိုင်းရင်းသားလက်နက်ကိုင် ၁၆ ဖွဲ့အနက် ၁၄ ဖွဲ့နှင့် သဘောတူညီချက်ရရှိပြီးဖြစ်ပါကြောင်း၊ နှစ်(၆၀)ကျော်ကြာ ဖြစ်ပွားခဲ့သည့် ပဋိပက္ခအဆုံးသတ်ရန် နိုင်ငံရေးဆွေးနွေးမှုမူဘောင်မူကြမ်းတစ်ရပ်ပေါ်ထွက်လာရေးကို လုပ်ဆောင်နေကြပါကြောင်း၊ အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရန် ထားရှိသော ကတိကဝတ်အပေါ် အလေးအနက်ထားပါကြောင်း၊ နိုင်ငံ၏ စည်းလုံးညီညွတ်မှုနှင့် အချုပ်အခြာအာဏာကို ထိပါးစေမည့် ကိစ္စရပ်များမှလွဲ၍ အခြားသော ကိစ္စရပ်များအားလုံးကို ဆွေးနွေးရန်အသင့်ရှိပါကြောင်း၊ ပြီးပြည့်စုံပြီး ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးကို ရရှိရန် ပိုမိုနီးကပ်လာပြီဟု ယုံကြည်ပါကြောင်း။

မိမိတို့နိုင်ငံ၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့မှာ ပုံမှန်တိုးတက်မှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ၂၀၁၁ ခုနှစ်မှာ တည်ထောင်ခဲ့သည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ၎င်း၏လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မကြာသေးမီက ပြန်လည်ဖွဲ့စည်းပေးခဲ့ပါကြောင်း။

ယခုခေတ်သစ်တွင် သတင်းနှင့်မီဒီယာ လွတ်လပ်ခွင့်များလည်း ရရှိကျင့်သုံးနေပြီဖြစ်ပါကြောင်း၊ ဆယ်စုနှစ်များစွာ တည်ရှိခဲ့သော စိစစ်ရေးအားပယ်ဖျက်ခြင်း၊ ပုဂ္ဂလိကသတင်းစာနှင့် ဂျာနယ်အများအပြား ထုတ်ဝေခွင့်ပြုခြင်းနှင့် မီဒီယာဥပဒေသစ်ပြဋ္ဌာန်းခြင်းတို့သည် သတင်းမီဒီယာနယ်ပယ်တွင် သိသာထင်ရှားသော အောင်မြင်မှုများပင် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးနှင့်ပတ်သက်သော အဓိကစိုးရိမ်မှုများကို ပယ်ဖျောက်နိုင်ရေးအတွက် ကျယ်ပြန့်သောအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာ့တပ်မတော်အနေဖြင့် ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးလုပ်ငန်း စီမံချက်ကို အကောင်အထည်ဖော်ရာတွင် အရေးပါသော တိုးတက်မှုများရရှိနေပြီဖြစ်ပါကြောင်း၊ မိမိတို့၏ ခိုင်မာသော ကတိကဝတ်ကြောင့် မတော်တဆဖြစ်စေ၊ ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ အရွယ်မရောက်သေးသော ကလေးသူငယ်များအား စစ်မှုထမ်းရန် စုဆောင်းခြင်းမျိုး နောက်ထပ်လုံးဝ မရှိတော့ကြောင်း။

ရခိုင်ပြည်နယ်ရှိ လူ့အသိုက်အဝန်းနှစ်ခုအကြား ပေါ်ပေါက်ခဲ့သော ပဋိပက္ခများကိုကျော်လွှားနိုင်ရန် မိမိတို့ အထူးအာရုံစိုက်လျက်ရှိသလို ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ သုံးသပ်ချက်များ အဆောတလျင်မချမီ ရခိုင်ပြည်နယ်၏ သမိုင်း၊ ကွဲပြားခြားနားမှုနှင့် နက်နဲရှုပ်ထွေးမှုများကို အပြည့်အဝနားလည်ရန် လိုအပ်ပါကြောင်း၊အရင်းခံအကြောင်းကို ဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သဟဇာတဖြစ်ရေးနှင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများအားလုံးဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်ရှိ ထိခိုက်ခံရသူများ၏ လတ်တလော လိုအပ်ချက်များအတွက် မိမိတို့၏ကြိုးပမ်းမှုများကို နိုင်ငံတကာ မိတ်ဖက်များက ကူညီပေးမှုများအားကျေးဇူးတင်ပါကြောင်း။

မြန်မာနိုင်ငံသည် ဒီမိုကရေစီသို့ ကျယ်ပြန့်စွာ အသွင်ကူးပြောင်းရေးကို စတင်လုပ်ဆောင်ခဲ့သည်မှ လွန်ခဲ့သော သုံးနှစ်ခွဲအတွင်း သိသာထင်ရှားသည့်တိုးတက်မှုများ ရရှိနေပြီဖြစ်ပါကြောင်း၊ ယနေ့ဆိုလျှင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီသို့ ငြိမ်းချမ်းစွာ အသွင်ပြောင်းလဲမှု၏ အောင်မြင်မှုကို စံနမူနာအနေဖြင့် ကမ္ဘာကချီးကျူးလျက်ရှိကြပါကြောင်း၊ ထိုသို့ အောင်မြင်မှုများရရှိနေသော်လည်း မိမိတို့၏ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းတွင် စိန်ခေါ်မှုများ၊ အဟန့်အတားများ အများအပြားရှိနေဆဲဖြစ်ပါကြောင်း၊ ထိုတုန်လှုပ်ဖွယ် စိန်ခေါ်မှုများကို ကောင်းစွာသိရှိပါကြောင်း၊ အားရကျေနပ်နေမှာ မဟုတ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးတို့အတွက် မဆုတ်မနစ် ဆက်လက်ဆောင်ရွက်သွားရန် ပြတ်ပြတ်သားသားနှင့် အခိုင်အမာဆုံးဖြတ်ထားပါကြောင်း။

နိုင်ငံတကာ အသိုက်အဝန်း၏ ဆက်လက်အကူအညီပေးမှုနှင့် နားလည်မှုတို့သည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အပြုသဘောအထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# လွတ်လပ်စွာ တရားစီရင်ရေးစနစ်ရှိပါမှ ရဲရဲဝံ့ဝံ့နှင့် ရင်းနှီးမြှုပ်နှံမှုများပြုကြမည်ဖြစ်

**နေပြည်တော် စက်တင်ဘာ ၃၀**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးချုပ် တင့်ဆန်း၏ **"နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေမည့် အနာဂတ် အစီအမံများ မည်သို့ချမှတ်ထားသည်၊ ၎င်းအစီအမံများကို အကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုများ ကြုံတွေ့လာပါက မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်မည်ကို သိရှိလိုကြောင်း"**မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ပြည်ထောင်စုအစိုးရအနေဖြင့် လိုအပ်သောစီမံကိန်းများရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာ ဥပဒေကြမ်းကိုလည်းရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအတည်ပြုချက်ရယူဆောင်ရွက်လျက် ရှိပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့်လည်း မိမိဒေသအတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်း၊ ဘဏ္ဍာငွေအရ/ အသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏အတည်ပြုချက်နှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အစိုးရအဖွဲ့အနေဖြင့် ပြုပြင်



**ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို။**

ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ရာတွင် ပထမဆုံးအဆင့် (First Wave) အဖြစ် ပါတီစုံဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းပေးခဲ့ပါကြောင်း၊ တာဝန်ယူပြီး တစ်နှစ်ကျော်အတွင်းတွင် လွှတ်တော်၊နိုင်ငံရေးပါတီအသီးသီးနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကြောင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ဒုတိယအဆင့်(Second Wave) အဖြစ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊အစိုးရယန္တရားတိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ကျန်ရှိသည့်ကာလအတွင်းတွင် ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးတွင် အခြေခံအုတ်မြစ်ခိုင်မာအောင် ဆောင်ရွက်ပေးရမည့် တာဝန်နှင့် ပြည်သူတို့၏ လူမှုစီးပွား ဦးစားပေးလိုအပ်ချက်များကို ဖြည့်ဆည်းရမည့်တာဝန်များကို တတိယအဆင့်(Third Wave)အဖြစ် အရှိန်အဟုန်မြှင့်တင်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြထားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ လေ့လာသုံးသပ်ချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ကော်မရှင်အနေဖြင့် ပြည်သူများနှင့် ပြည်သူ့ကိုယ်စားလှယ်များအတွက် ရွေးချယ်ရန် နည်းလမ်းအနည်းဆုံး (၇)ခုကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်နောက်ဆုံးထား၍ တင်ပြရန် လွှတ်တော်သို့ အသိပေး ဆောင်ရွက်သည်။

ယင်းနောက် လွှတ်တော်သို့တင်သွင်းထားသည့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြသည်။

ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုက ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ ကြိုးပမ်းမှုဖြင့် တရားဥပဒေစိုးမိုးရေး စင်တာများ ဖွင့်လှစ်နိုင်ရန်စီမံခြင်းသည် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုဖြစ်ရန် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ် တိုးတက်မြင့်မားအောင် ပျိုးထောင်ခြင်းပင်ဖြစ်ပါကြောင်း၊ တရားသူကြီးများ၊ ဥပဒေအရာရှိနှင့် ရှေ့နေများ၊ ရဲတပ်ဖွဲ့ဝင်



**အမရပူရ မဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး။**

များ၊ အုပ်ချုပ်ရေးဝန်ထမ်းများကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များက သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့စီမံဆောင်ရွက်မှုသည် ဥပဒေပြုရေးမဏ္ဍိုင်က အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့အပေါ် လွှမ်းမိုးသည်ဟု မယူဆနိုင်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

အမရပူရ မဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှု နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိသည်ကို အားလုံးနားလည်သဘောပေါက်ကြပါကြောင်း၊ တရားဥပဒေစိုးမိုးရန် တရားစီရင်ရေးဖြောင့်မတ်မှန်ကန်စေခြင်းသည် အလွန်အရေးကြီးပါကြောင်း၊ တရားစီရင်ရေးဖြောင့်မတ်မှန်ကန်စေရန်အတွက်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဥပဒေဝန်ထမ်းများ၊ တရားသူကြီးများ၊ ရှေ့နေများ၊ သက်ရှိ/သက်မဲ့ သက်သေခံများ တိကျမှန်ကန်စေပြီး ပါဝင်ပတ်သက်သူမှန်သမျှ အဂတိတရား ကင်းရှင်းကြမှသာလျှင် မှန်ကန်သည့်လမ်းကြောင်းကို ရောက်ရှိကြမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်သည့် အဖွဲ့အစည်းများအနေဖြင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေသော ကိစ္စများတွင် ပါဝင်ဆောင်ရွက်ပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွန့်က ဒီမိုကရေစီစနစ်ကို ပီပီပြင်ပြင် ကျင့်သုံးသည့် နိုင်ငံတိုင်းတွင် တရားရုံးများကို စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖွဲ့စည်းထားမှုမရှိပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဒီမိုကရေစီ နိုင်ငံများက တရားရုံးများ၏ လွတ်လပ်စွာတရားစီရင်ရေးကို တန်ဖိုးထားကြသည့်အတွက် တရားရေးမှုကို မည်သည့်နည်းနှင့်မျှ အထိအခိုက်မခံပါကြောင်း။

မြန်မာနိုင်ငံက တရားရုံးများ စောင့်ကြည့်လေ့လာရေးအဖွဲ့ကို ဖွဲ့လိုက်သည်နှင့် မြန်မာနိုင်ငံတွင် လွတ်လပ်စွာ တရားစီရင်ရေး မရှိသည်ကို သိရှိသွားကြမည်ဖြစ်ပါကြောင်း၊ လွတ်လပ်စွာ တရားစီရင်ရေးစနစ်ရှိပါမှ ရဲရဲဝံ့ဝံ့နှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုကြမည်ဖြစ်ပါကြောင်း၊ လွတ်လပ်စွာ တရားစီရင်ရေးမရှိသည့်နိုင်ငံကို ပြည်ပရင်းနှီးမြှုပ်နှံသူများလာရောက်ရန် တွန့်ဆုတ်သွားနိုင်သည့်အတွက် တိုင်းပြည်အတွက်လည်း အမှန်တကယ်ထိခိုက်နိုင်ပါကြောင်း။

တရားရုံးများစောင့်ကြည့်လေ့လာရေးအဖွဲ့ ဖွဲ့စည်းခြင်းသည် တရားရုံး၏ ဂုဏ်သိက္ခာကို အမှန်ပင်ထိခိုက်စေမည်ဖြစ်ပါကြောင်း၊ ယခုအချိန်သည် တရားရေးမဏ္ဍိုင်ခိုင်မာသည်ထက် ခိုင်မာအောင်၊ ပြည်သူများယုံကြည်ကိုးစားသည့် တရားစီရင်ရေး ဖြစ်ထွန်းအောင် မဏ္ဍိုင်အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမည့်အချိန်ဖြစ်ပါကြောင်း။

၁၉၇၃ ခုနှစ် ပြည်သူ့တရားစီရင်ရေးစနစ် ရှေ့ပြေးကာလတွင် ယခုလို အဖွဲ့မျိုးဖြစ်သည့် ပြည်သူ့တရားရေးရာကော်မတီဆိုသည့်အဖွဲ့ ဖွဲ့ဖူးပါကြောင်း၊ ၎င်းအဖွဲ့သည် တရားစီရင်ရေးရာကဏ္ဍတွင် တဖြည်းဖြည်းချင်း ဩဇာအာဏာလွှမ်းမိုးမှုများရှိလာခြင်းကြောင့် နောက်ပိုင်းတွင် အဆိုပါအဖွဲ့ကို ဖျက်သိမ်းလိုက်ရသည့်သာဓက ရှိခဲ့ဖူးပါကြောင်း။

တရားရုံးများ စောင့်ကြည့်လေ့လာရေး၊ လွတ်လပ်သည့်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းသည် ဥပဒေအရ စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းခြင်းမခံရသည့် အဖွဲ့ကို ဖွဲ့စည်းပြီး တရားရုံး၏ ဆောင်ရွက်ချက်များကို စိစစ်ရန်ဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်မည်ဖြစ်ပါကြောင်း၊ တရားရုံးများ စောင့်ကြည့်လေ့လာရေး၊ လွတ်လပ်သည့်အဖွဲ့အစည်းများရှိသင့်သည်ဆိုသည့် အချက်ကို ခြွင်းချက်ပြု၍ အစီရင်ခံစာကို အတည်ပြုသင့်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်က တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# မိုင်းရှူးဓာတ်အားခွဲရုံကို ၂၀၁၅ ခုနှစ် ဇူလိုင်လကုန်တွင် အပြီးဆောင်ရွက်ရန် လျာထားဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း၏ **ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာ ချောင်းမကြီးကို မူလရေယာဉ်ပေ (၁၀၀)အကျယ်အဝန်းအတိုင်း ချဲ့ထွင်တူးဖော်ပေးရန် အစီအစဉ်ရှိ/ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာအတွင်းရှိ ချောင်းမကြီးချောင်း၏ မူလချောင်းအကျယ်မှာ ပေ (၁၀၀) ခန့်ရှိပါကြောင်း၊ ယခုချောင်းအကျယ်မှာ ပေ (၅၀) ခန့်သာရှိပြီး ချောင်းရိုးကျဉ်းမြောင်းတိမ်ကောလာခြင်းကြောင့် ကမ်းပါးတစ်လျှောက်ရှိ လယ်မြေများအတွင်း သဲများစုပုံကျရောက်၍ လယ်မြေများပျက်စီးထိခိုက်မှုနှင့် ကြုံတွေ့နေရပါကြောင်း၊ ချောင်းမကြီးတူးဖော်ပေးခြင်းအားဖြင့် ဝမ်းဘဲအင်းကျေးရွာရှိ မိုးစပါးစိုက်လယ်မြေ ဧက (၉၀၀)ခန့်ကို ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးမှုမှ အထိုက်အလျောက် ကာကွယ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ချောင်းတူးဖော်ခြင်းလုပ်ငန်းကို လတ်တလောအခြေအနေတွင် ဆောင်ရွက်ထားမှုမရှိပါကြောင်း၊ ချောင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် အောက်ခြေအကျယ်ပေ (၅၀)၊ ပျမ်းမျှအနက် (၁၀)ပေဖြင့် အလျား (၂ ဒသမ ၄၆)မိုင်၊ မြေကြီးကျင်းပေါင်း (၄၃၀၀၀)နှင့် ခန့်မှန်းကျပ်သန်း (၁၉၂ ဒသမ ၀၄)ခန့် ကုန်ကျမည်ဖြစ်ပါကြောင်း။

ယခင်လွှတ်တော်အစည်းအဝေးများတွင် တင်ပြထားသည့် ကတိကဝတ်ပြုလုပ်ငန်းများကို ပထမဦးစားပေးဆောင်ရွက်ရန် ကျန်ရှိနေသဖြင့် ယခုတင်ပြလာသော လုပ်ငန်းအား ၂၀၁၅-၂၀၁၆ ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ BE တွင် ဆက်လက်တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ဦးစားပေးအလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး၏ **ပခုက္ကူမြို့၌တည်ရှိသော လေယာဉ်ကွင်းဟောင်းမြေနေရာတွင် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ပခုက္ကူမြို့လေယာဉ်ကွင်းဟောင်းမြေနေရာသည် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ပိုင်ဆိုင်သောမြေနေရာဖြစ်ပြီး ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။



**သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်း။**

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၏ **ဂန့်ဂေါ-ဟားခါး(၆၆)ကေဗွီဓာတ်အားလိုင်းမှတစ်ဆင့် ဂန့်ဂေါ-ဟားခါးလမ်းမပတ်ဝန်းကျင်ကျေးရွာများကို လျှပ်စစ် ဓာတ်အားဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက(၆၆)ကေဗွီ ဂန့်ဂေါ-ဟားခါးဓာတ်အားလိုင်းအနီးတွင် ကျေးရွာ (၁၅)ရွာခန့်ရှိပြီး ၎င်းတို့အနက် ကျေးရွာ (၁၁)ရွာတွင် ဆိုလာစနစ်၊ အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်နှင့် ဒီဇယ်ဓာတ်အားပေးစက်တို့ဖြင့် ကျေးရွာမီးလင်းရေးကို ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့် ကျေးရွာ (၄) ရွာကိုလည်း ယခုဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ ကျေးရွာများအား ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင် ရန်အတွက် (၆၆) ကေဗွီဂန့်ဂေါ- ဟားခါး ဓာတ်အားလိုင်းမှ (၆၆)ကေဗွီဗို့အားကို ဓာတ်အားခွဲရုံကြီးများ တည်ဆောက်ပြီး အဆင့်ဆင့်ဗို့အားလျှော့ချဆောင်ရွက်နိုင်ရေးဝန်ကြီးဌာနမှ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေလျာထားဆောင်ရွက်ပေးမည်ဖြစ်ပြီး ၁၁/၀ ဒသမ ၄ ကေဗွီဓာတ်အားခွဲရုံ၊ ၁၁ ကေဗွီနှင့်သုည ဒသမ ၄ ကေဗွီဓာတ်အားလိုင်းများကို သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှ ရန်ပုံငွေလျာထားဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။



**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးသော်ဇင်ဦး။**

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း၏ **မိုင်းနောင်မြို့တွင် ရောက်ရှိပြီးဖြစ်သော မဟာဓာတ်အားလိုင်းမှ မိုင်းရှူးမြို့နယ်အတွက် လျှပ်စစ်မီးရရှိရေးကို မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ် လျှပ်စစ်ဓာတ်အားရရှိရန်အတွက် မိုင်းနောင်-မိုင်းရှူး (၆၆) ကေဗွီ ဓာတ်အားလိုင်း (၃၃) မိုင်ကို Turn Key စနစ်ဖြင့် စာချုပ်ချုပ်ဆိုဝယ်ယူထားပြီး ၂၀၁၅ ခုနှစ် မတ်လကုန်တွင် အပြီးဆောင်ရွက်ရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ၆၆/၁၁ ကေဗွီ(၅)အမ်ဗွီအေ မိုင်းရှူးဓာတ်အားခွဲရုံကို Turn Key စနစ်ဖြင့် စာချုပ်ချုပ်ဆိုဝယ်ယူထားပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လကုန်တွင် အပြီးဆောင်ရွက်ရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

ပြည်တွင်းရေးရာ

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း ကောင်စီဝန်ကြီးများအား လက်ခံတွေ့ဆုံ



**ပုဂံ စက်တင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် (၁၂)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဝန်ကြီးများနှင့် အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်တို့အား ယနေ့ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ပုဂံမြို့ရှိ ပုဂံဧည့်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ ဒေါက်တာကံဇော်နှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**❊ ကျောဖုံးမှ**

သွင်ပြင်လက္ခဏာ၊ တစ်ခုတည်းသော အသိုက်အဝန်းဟူသောဆောင်ပုဒ်ကို တည်တံ့နိုင်စေရန်နှင့် ကြံ့ကြံ့ခံနိုင်သော အာဆီယံဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့သည်မှာ မိမိတို့အနေဖြင့် မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသင်းကြီးသို့ဝင်ရောက်ပြီး (၁၇)နှစ်မြောက်တွင် ပထမဆုံးအကြိမ်အဖြစ် အာဆီယံဥက္ကဋ္ဌတာဝန်ယူခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုသို့တာဝန်ယူဆောင်ရွက်ချိန်တွင် "ရှေ့သို့တူညီတက်လှမ်းချီ၊ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ"ဟူသည့် ဆောင်ပုဒ်ကို ရွေးချယ်ခဲ့ခြင်းမှာ စည်းလုံးညီညွတ်၍ အေးချမ်းသာယာကြွယ်ဝသည့် အာဆီယံအသိုက်အဝန်း တည်ထောင်နိုင်မည့် စုပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့် အလေးထားဆောင်ရွက်စေလို၍ ဖြစ်ပါကြောင်း။

ကြုံတွေ့နေရသည့် အာဆီယံ၏စိန်ခေါ်မှုများသည် နူးညံ့သိမ်မွေ့စွာ ရိုက်ခတ်လျက်ရှိရာ အာဆီယံနိုင်ငံများအတွင်း ပိုမိုညှိနှိုင်းဆောင်ရွက်မှုများဖြင့် ပြီးပြည့်စုံသည့် ဖြေရှင်းမည့်နည်းလမ်းများ ပိုမိုလိုအပ်လာပါကြောင်း၊ အာဆီယံလူမှုရေး-ယဉ်ကျေးမှုမဏ္ဍိုင်သည် သဟဇာတဖြစ်၍ ပြည်သူလူထုကို အခြေပြုသည့် အာဆီယံအဖွဲ့အစည်းအဖြစ် အခွန့်ရှည်တည်တံ့စေရန် အာဆီယံဒေသအတွင်းရှိ ပြည်သူများ လူမှုဘဝမြှင့်တင်ခြင်း၊ ယဉ်ကျေးမှုများနှင့် သဘာဝအရင်းအမြစ်များ ပြုစုပျိုးထောင်ခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိပြီး အာဆီယံဒေသတွင်း ပြည်သူများ၏ ဘဝသာယာရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆင်ပြေစေရေးနှင့် လူမှုဘဝဖူလုံရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်လုပ်ဆောင်နေသည်ကို တွေ့ရပါကြောင်း။

အာဆီယံနိုင်ငံများသည် အာဆီယံ၏ သွင်ပြင်စရိုက်လက္ခဏာများ တည်ဆောက်နိုင်ရေးအတွက် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်နေပါကြောင်း၊ ပြည်သူများအကြား အာဆီယံစိတ်ဓာတ် စိမ့်ဝင်ပျံ့နှံ့စေရေးနှင့် လူထုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေး၊ အာဆီယံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေး၊ ယဉ်ကျေးမှုဆိုင်ရာ တီထွင်ဖန်တီးမှုများနှင့် ယဉ်ကျေးမှုထုတ်ကုန်လုပ်ငန်းများမြှင့်တင်ရေး၊ ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့သည် အာဆီယံလူမှုရေး-ယဉ်ကျေးမှုမဏ္ဍိုင်၏ အဓိကအနှစ်သာရများဖြစ်ပါကြောင်း။

အာဆီယံသည်အရောင်အသွေးစုံ၍ မတူကွဲပြားခြားနားသည့် ယဉ်ကျေးမှုများဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းကြီးဖြစ်ပြီး တူညီသည့်သမိုင်းကြောင်းဆိုင်ရာများရှိသည့်အတွက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း၏ ရေရှည်ရည်ရွယ်ချက်များသည် အာဆီယံပြည်သူလူထု၏ လူမှုဘဝဖူလုံရေးကို တာဝန်ယူသည့် အသိုက်အဝန်းဖြစ်စေရန်ဆိုသည်ကို မိမိတို့အနေဖြင့် အသိအမှတ်ပြုထားပါကြောင်း။

အာဆီယံလူမှုရေး-ယဉ်ကျေးမှုမဏ္ဍိုင်သည် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း၏ နှစ်ဝက်အကဲဖြတ်ချက်ကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း၏ သက်ဆိုင်ရာကဏ္ဍများကို ဖော်ဆောင်သည့်အဖွဲ့အစည်းများနှင့် အမျိုးသားအဆင့် အဓိကဆောင်ရွက်သူများ အနီးကပ်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပြီး အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီနှစ်ဝက်အကဲဖြတ်အစီရင်ခံစာကို (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြနိုင်ခဲ့သည့်အတွက် အဖွဲ့ဝင်ကော်မတီဝင်များကို ကျေးဇူးတင်ရှိပါကြောင်း။

၂၀၁၃ ခုနှစ် ဘန်ဒါဆရီဘီဂါဝန် ကြေညာစာတမ်းတွင်ကတိကဝတ်ပြုထားခဲ့သည့်အတိုင်း ပြည်သူလူထုအခြေပြု အာဆီယံဖြစ်ရေးနှင့် အာဆီယံပူးပေါင်းဆက်နွယ်မှုဆီသို့ ရောက်ရှိနိုင်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအပြီးတွင် ထုတ်ပြန်ခဲ့သည့် နေပြည်တော်ကြေညာစာတမ်းတွင် လူမှုရေး-ယဉ်ကျေးမှုဆိုင်ရာ ဆွေးနွေးဆောင်ရွက်မည့် ကဏ္ဍများကို အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းအောက်တွင် မီးမောင်းထိုးပြခဲ့ပြီး ပြည်သူလူထုကို အလေးထားဗဟိုပြုသည့် အာဆီယံဖြစ်စေရန်အတွက် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်ရန် တိုက်တွန်းထားပါကြောင်း။

မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌအနေဖြင့် ဦးစားပေးဆောင်ရွက်မည့် ဧရိယာများအဆိုပြုတင်ပြခဲ့ရာ အာဆီယံလူမှုရေး-ယဉ်ကျေးမှုမဏ္ဍိုင်၏ လုပ်ငန်းတာဝန်များကို ထင်ဟပ်စေမည့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်းအတွက် အာဆီယံသဘောတူညီမှုလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထုတ်ပြန်ကြေညာချက်များအပေါ် စုပေါင်းအားထုတ်မှုများဖြင့် ပြန်လည်တောင့်တင်းခိုင်မာလာစေရန်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု၊ ဆင်းရဲမှုလျှော့ချမှုအပေါ် ပိုမိုအားထုတ်၍ ဆောင်ရွက်ရန်၊ လူမှုလုံခြုံမှုဆိုင်ရာ ကွန်ရက်များကိုတိုးမြှင့်ဆောင်ရွက်ရန်၊ အေးအတူပူအမျှခံစားမည့် အာဆီယံလူမှုအသိုက်အဝန်းကို တည်ထောင်ရန်နှင့် လူ့အဖွဲ့အစည်းများနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးကျေးဇူးများကို မျှဝေရာတွင် ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍကို တိုးမြှင့်ခြင်းလုပ်ငန်းစဉ်များပါ အသီးသီးပါဝင်နေသည်ကို တွေ့ရပြီး ဝိုင်းဝန်းကြံဆဖော်ဆောင်ပေးသည့် ASCC ကောင်စီဝင်များနှင့် ကိုယ်စားလှယ်များကို ကျေးဇူးတင်ရှိပါကြောင်း။

၂၀၁၅ အလွန် မျှော်မှန်းချက်အတွက် မဏ္ဍိုင်အသီးသီး၏ လုပ်ငန်းအဖွဲ့များက အခြေခံမူဘောင်များချမှတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အာဆီယံအသိုက်အဝန်းသည် ယခုအချိန်မှစ၍ တစ်နှစ်အတွင်း ပေါင်းစည်းရမည်ဖြစ်သည့် အားလျော်စွာ အဖွဲ့ဝင်နိုင်ငံအားလုံးက လိုအပ်သည့်ဆောင်ရွက်မှုများကို အဆင့်ဆင့်ချမှတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ယခုအစည်းအဝေးတွင် အာဆီယံအသိုက်အဝန်းနှင့် ၂၀၁၅ ခုနှစ် အသိုက်အဝန်းထူထောင်ပြီးနောက်ပိုင်း လိုအပ်မည့် အချက်များကို ဆွေးနွေးအဖြေရှာရာတွင် ဗဟုသုတများ မျှဝေကာ သင်ခန်းစာရယူခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ပိုမိုတိုးမြှင့်ပြီး အကျိုးရှိသည့် ဆွေးနွေးမှုများ ပြုလုပ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုကောင်စီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် အာဆီယံလူမှုရေး-ယဉ်ကျေးမှုကောင်စီဝန်ကြီးများ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့နှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဝန်ကြီးများ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာသူများအား ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက We are ASEAN တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

**(သတင်းစဉ်)**



**ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ ခင်းကျင်းပြသထားသည့် ဓာတ်ပုံမှတ်တမ်းများအား ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

# ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနား ကျင်းပ ပြည်ထောင်စုဝန်ကြီးများ တက်ရောက်အားပေး

**နေပြည်တော် စက်တင်ဘာ ၃၀**

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2)၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်နှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က အမှာစကားပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းထံမှပေးပို့သည့် သဝဏ်လွှာကို UNDP မှ ဌာနေညှိနှိုင်းရေးမှူးကိုယ်စား Mr. Edin Elgsaether က ဖတ်ကြားကာ UNWTO အထွေထွေအတွင်းရေးမှူးချုပ် Dr.Taleb Rifai ၏သတင်းစကားကို ဗီဒီယိုဖြင့် ပြသသည်။

ယင်းနောက် မြန်မာပြည် မုတ်သုံရာသီခရီးစဉ်ဒေသနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ဆုများပေးအပ်ချီးမြှင့်ကာ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဆုများပေးအပ်ချီးမြှင့်သည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဟိုတယ်များ (နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုင်းရင်းသားပိုင်)၏ ဝန်ဆောင်မှုစွမ်းဆောင်ရည်အကောင်းဆုံးဆုများကို ဆုရရှိသူများထံ ပေးအပ်ချီးမြှင့်ပြီး ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ခရီးသွားကုမ္ပဏီများ (ဖက်စပ်၊ တိုင်းရင်းသားပိုင်)၏ ဝန်ဆောင်မှုစွမ်းဆောင်ရည် အကောင်းဆုံးဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် ဆုရဓာတ်ပုံများနှင့် တက္ကသိုလ်၊ ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲများမှ ဆုရစာစီစာကုံးများနှင့် ခင်းကျင်းပြသထားသည့် ဓာတ်ပုံမှတ်တမ်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယခုနှစ်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့၏ ဆောင်ပုဒ်မှာ **"လူမှုဘဝတိုးတက်ဖို့ ခရီးသွားလုပ်ငန်း မြှင့်တင်စို့"** ဟူ၍ ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်တွင်းရေးရာ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ကိုရီးယားတပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုစစ်ရေးပြတပ်ဖွဲ့မှ ကြိုဆို



**နေပြည်တော် စက်တင်ဘာ ၃၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ကိုရီးယားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုစစ်ရေးပြတပ်ဖွဲ့မှ ကြိုဆိုခြင်းအခမ်းအနားကို စက်တင်ဘာ ၃၀ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ကိုရီးယားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကိုရီးယားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသို့ ရောက်ရှိလာရာ ပူးတွဲစစ်ဦးစီးချုပ် ဥက္ကဋ္ဌ (Chairman of Joint Chiefs of Staff) ဖြစ်သူ Admiral Chol Yoon-hee နှင့် အရာရှိကြီးများက ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အလေးပြုခံစင်မြင့်သို့ သွားရောက်နေရာယူကာ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ် ဥက္ကဋ္ဌနှင့်အတူ မော်တော်ယာဉ်ဖြင့် လိုက်လံစစ်ဆေးသည်။**(ယာပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကိုရီးယားသမ္မတနိုင်ငံ ပူးတွဲစစ်ဦးစီးချုပ် ဥက္ကဋ္ဌ (Chairman of Joint Chiefs of Staff) Admiral Chol Yoon-hee နှင့် တွေ့ဆုံဆွေးနွေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားရာတွင် မိမိတို့နှစ်နိုင်ငံသည် ယဉ်ကျေးမှု၊ ပထဝီအနေအထားနှင့် တူညီသော သမိုင်းကြောင်းရှိသဖြင့် အနာဂတ်ကာလတွင် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးခိုင်မာစေရန် အပြန်အလှန် ချစ်ကြည်ရေးအလည်အပတ်ခရီးများ အပြန်အလှန်စေလွှတ်ခြင်း၊ လေ့ကျင့်ရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ခြင်းများ တိုးမြှင့်လုပ်ဆောင်လိုကြောင်း၊ ကိုရီးယားကျွန်းဆွယ်တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်း ထောက်ခံပါကြောင်း ပြောကြားသည်။

ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ် ဥက္ကဋ္ဌ (Chairman of Joint Chiefs of Staff) Admiral Chol Yoon-hee က ပြောကြားရာတွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးတွင် စစ်ဘက်ဆက်ဆံရေးသည် အရေးကြီးသော ပဏာမခြေလှမ်းဖြစ်သည်ဟု ထင်မြင်ယူဆကြောင်း၊ စစ်ဘက်ဆက်ဆံရေးမြှင့်တင်နိုင်ရန် နည်းလမ်းရှာဖွေဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လေ့ကျင့်ရေးနယ်ပယ်တွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကိုရီးယားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Mr.Han Min-koo နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ခန်း၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားရာတွင် မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးမျက်နှာစာသစ်တစ်ရပ် ဖွင့်လှစ်နိုင်ခဲ့သည်ဟု ထင်မြင်ကြောင်း၊ မိမိတို့နိုင်ငံ ဖြတ်သန်းလာရသော သမိုင်းကြောင်းအရ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထူးအလေးထားကြောင်း၊ မိမိတို့၏ တူညီသောအချက်များကို အခြေခံ၍ အနာဂတ်ကာလတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံသည် မဟာဗျူဟာအရ အချက်အချာကျခြင်း၊ သယံဇာတအရင်းအမြစ်များစွာရှိခြင်းတို့ကြောင့် အာရှဒေသတွင် တိုးတက်ရန် အလားအလာများစွာရှိသော နိုင်ငံဖြစ်ကြောင်း၊ မိမိတို့သည် အာရှတိုက်သားများဖြစ်သည်နှင့်လျော်ညီစွာ ရုပ်ရည်သွင်ပြင်လက္ခဏာတူညီသည့်အပြင် အသိပညာလိုလားမှု၊ သူတစ်ပါးအား ကူညီလိုမှု အစရှိသည်တို့တွင်လည်း တူညီကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ တူညီသော သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ပထဝီအနေအထားအပေါ် မူတည်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ပြုပြင်ပြောင်းလဲမှုဆောင်ရွက်နေသည့်အပေါ်တွင်လည်း နားလည်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ

**ပုဂံ စက်တင်ဘာ ၃၀**

(၁၂)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ ဝန်ကြီးအဆင့် အစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် ပုဂံမြို့ရှိ The Aureum Palace Hotel ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ (ASCC) သဘာပတိယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အဖွင့်အမှာစကားပြောကြားပြီး အစီအစဉ်အရ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ (ASCC) သို့ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOCA)၏ အစီရင်ခံစာတင်ပြခြင်း၊ (၂၅)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးအတွက် အစီအစဉ် မူကြမ်းတင်ပြခြင်း၊ ၂၀၁၄ ခုနှစ် ရာသီဉတုပြောင်းလဲခြင်းဆိုင်ရာ အာဆီယံပူးတွဲကြေညာချက်ကိုသုံးသပ်ခြင်း၊ ASCC ၏ ပူးတွဲကြေညာချက်ကို အတည်ပြုထုတ်ပြန်ခြင်း၊ မြန်မာနိုင်ငံတွင် ကျင်းပမည့် အာဆီယံအနုပညာပွဲတော် (၂၀၁၄)အတွက် ဆွေးနွေးခြင်း၊ မြန်မာနိုင်ငံတွင် အစိမ်းရောင်စီးပွားရေးဆိုင်ရာအာဆီယံဌာန- ASEAN Institute For Green Economy (AIGE) ကို အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပံ့ပိုးပေးရန်၊ the Center of Excellence for Greening နှင့် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် ဆွေးနွေးခြင်း၊ (၁၃)ကြိမ်မြောက် ASCC အစည်းအဝေးအတွက် အချိန်နှင့် နေရာသတ်မှတ်ခြင်း၊ (၁၂)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက် အဝန်းကောင်စီ အစည်းအဝေးမှတ်တမ်းအကျဉ်းအား လက်ခံအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အာဆီယံအဆင့်မြင့် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

ရှေ့သို့တူညီတက်လှမ်းချီ၊
ငြိမ်းချမ်းဝေစည်
အာဆီယံအသိုက်အဝန်းဆီ

# (၁၂)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ ဝန်ကြီးများအဆင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်

**၃၀ စက်တင်ဘာ ၂၀၁၄**
**ပုဂံ၊ မြန်မာ**

၁။ (၁၂)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဝန်ကြီးများအဆင့် အစည်းအဝေးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပုဂံမြို့တွင် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ရှေးဦးစွာ (၁၇)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးကို ၂၀၁၄ စက်တင်ဘာ ၂၉ ရက် ပုဂံမြို့တွင် ကျင်းပခဲ့သည်။

၂။ အစည်းအဝေးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဖွင့်လှစ်ခဲ့ပါသည်။ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ၏ အခြေခံရည်မှန်းချက်များဖြစ်သော အာဆီယံဒေသတွင်းနေ ပြည်သူများ၏ ဘဝသာယာရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆင်ပြေစေရေးနှင့် လူမှုဘဝဖူလုံရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် အေးအတူပူအမျှခံစားမည့် လူမှုအသိုက်အဝန်းကို ထူထောင်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပြည်သူများအကြား စည်းလုံးညီညွတ်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့အတွက် တူညီသော အာဆီယံဒေသတစ်ခုအဖြစ် တည်ထောင်ရန်နှင့် အများပြည်သူတို့နှင့် ပူးပေါင်း၍ ဆောင်ရွက်မည့် အာဆီယံအသိုက်အဝန်းအဖြစ် ထူထောင်ရန်တို့အတွက် ပံ့ပိုးကူညီပေးရန်တို့ကို ထပ်မံပြောကြားသွားသည်။

၃။ ထို့အပြင် အာဆီယံသည် ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောကဏ္ဍမှ ပါဝင်ရေး ပြောကြားသည်။ မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌတာဝန်ယူစဉ် "ရှေ့သို့တူညီတက်လှမ်းချီ၊ ငြိမ်းချမ်းဝေစည် အာဆီယံအသိုက်အဝန်းဆီ" ဟူသော ဆောင်ပုဒ်နှင့်အညီ ၂၀၁၅ လူထုအခြေပြု အာဆီယံအသိုက်အဝန်းတစ်ခု ထူထောင်နိုင်ရေးနှင့် အာဆီယံဒေသတွင်းနေ ပြည်သူများအားလုံး တူညီသော ရည်မှန်းချက်များဆီသို့ ချီတက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

၄။ အာဆီယံဝန်ကြီးများသည် Plenary Session တွင် ASCC Working Group ၏ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းအခြေပြုမြေပုံ ထောက်ခံဆွေးနွေးချက်များ၊ အာဆီယံ Organs နှင့် Streamline ပေါ်တွင် ပြန်လည်သုံးသပ်သော High Level Task Force အစည်းအဝေးထောက်ခံချက်များ ပါဝင်သော (၁၇)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးမှ တင်သွင်းသည့် အစည်းအဝေးမှတ်တမ်းကို အသိအမှတ်ပြုပါသည်။

၅။ မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ် သတ်မှတ်ထားသော ဦးစားပေးကဏ္ဍများနှင့် ပတ်သက်၍လည်းကောင်း၊ ဆောင်ရွက်ခဲ့ပြီးသော လုပ်ငန်းများနှင့် အောင်မြင်မှုများကို အာဆီယံဝန်ကြီးများက ဝမ်းမြောက်စွာအသိအမှတ်ပြုပါသည်။ ဝန်ကြီးများသည် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း အခြေပြုမြေပုံတွင်ပါရှိသော အာဆီယံလူမှုအသိုက်အဝန်း၏ မျှော်မှန်းချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ ASCC Sectoral Bodies များ၏ vision statements နှင့် key elements များ တင်သွင်းမှုကို အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။

၆။ နေပြည်တော်တွင်ကျင်းပမည့်(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များမှ အတည်ပြုပေးရန် သဘာဝဘေးအန္တရာယ်ဆိုးကျိုးများလျှော့ချရေး၊ စီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး ကဏ္ဍပေါင်းစုံပါဝင်ရေး သဘောတူညီချက်ကို ဝန်ကြီးများက ထောက်ခံကြပါသည်။

၇။ မြန်မာနိုင်ငံမှ အဆိုပြုသော ASEAN Institute For Green Economy (AIGE) တည်ထောင်ရေးကိစ္စနှင့် ပတ်သက်၍ ဝန်ကြီးများက အသိအမှတ်ပြုပါသည်။

၈။ ၂၀၁၅ အာဆီယံမျှော်မှန်းချက်အတွက် အာဆီယံနိုင်ငံများမှ တင်သွင်းသော vision statements၊ key elements များနှင့် ပတ်သက်၍ အာဆီယံသဘောတူညီချက်နှင့် ကိုက်ညီသော ASCC Vision Statement နှင့် Central Elements ငါးခုကို ဝန်ကြီးများက သဘောတူညီပါသည်။ ၂၀၁၅ အာဆီယံမျှော်မှန်းချက်နှင့် ပတ်သက်၍ ASCC Vision Statement နှင့် Central Elements များကို ACC Working Group မှတစ်ဆင့် ဂျကာတာရှိ အမြဲတမ်းကိုယ်စားလှယ်ကော်မတီ (CPR) မှတစ်ဆင့် ASEAN Coordinating Council (ACC) သို့ တင်သွင်းမည်ဖြစ်ပါသည်။

၉။ ဆက်လက်၍ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကဏ္ဍအသီးသီးမှ အဆင့်မြင့်အရာရှိကြီးများတင်သွင်းသော key elements များ၊ 9th SOC-COM, ASCC sectoral bodies များ၏ ဆောင်ရွက်မှုများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ Core Statement နှင့် Central Elements များ တင်သွင်းနိုင်ရေးဆောင်ရွက်ချက်တို့ကို ဝန်ကြီးများက အသိအမှတ်ပြုပါသည်။

၁၀။ နိဂုံးချုပ်အနေဖြင့် ဝန်ကြီးများသည် မြန်မာနိုင်ငံ၏ 12th ASCC Council အစည်းအဝေး လက်ခံကျင်းပရာတွင် နွေးထွေးသော ဧည့်ဝတ်ကျေပွန်မှုနှင့် ကောင်းမွန်သော အစီအစဉ်တို့အတွက် ကျေးဇူးတင်ရှိပါကြောင်းပြောကြားခဲ့သည်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံ Demilitarized Zone (DMZ)၊ ကိုရီးယားစစ်သမိုင်းပြတိုက်နှင့် Defense Acquisition Program Administration (DAPA) တို့သို့ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၃၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် စက်တင်ဘာ ၃၀ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ကိုရီးယားသမ္မတနိုင်ငံ Demilitarized Zone (DMZ) သို့ ရဟတ်ယာဉ်ဖြင့် သွားရောက်လေ့လာ ကြည့်ရှုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ကိုရီးယားစစ်သမိုင်းပြတိုက် War Memorial ကိုလည်းကောင်း၊ Defense Acquisition Program Administration (DAPA) ကို လည်းကောင်း သွားရောက်လေ့လာကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် စက်တင်ဘာ ၂၉ ရက် ညပိုင်းတွင် ဆိုးလ်မြို့ရှိ Namsan Tower ကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ ဆိုးလ်မြို့ရှိ Namsan Tower ၌ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်စဉ်။** (မြဝတီ)

အဆိုပါ မျှော်စင်သည် ဆိုးလ်မြို့ Namsan တောင်ကုန်းပေါ်တွင် တည်ရှိသည်။ ၂၃၆ ဒသမ ၇ မီတာ (၇၇၇ ပေ)မြင့်မား၍ ၁၉၈၀ ပြည့်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ **(မြဝတီ)**




## မိုးရွာသွန်းမှု

၃၀-၉-၂၀၁၄

| | | | |
|---|---|---|---|
| | | ကျောက်ကုတ် | ၁ ဒသမ ၇၇ လက်မ |
| | | ဘားအံ | ၁ ဒသမ ၅၇ လက်မ |
| | | (စိုက်ပျိုးရေး) | |
| မြဝတီ | ၄ ဒသမ ၂၅ လက်မ | သိမ်ဇရပ် | ၁ ဒသမ ၅၀ လက်မ |
| ဘော်လခဲ | ၁ ဒသမ ၉၇ လက်မ | လှိုင်းဘွဲ့ | ၁ ဒသမ ၃၀ လက်မ |

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မှတ်သုံလေအားပျော့နေသည်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်ဥက္ကဋ္ဌနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ



**နေပြည်တော် စက်တင်ဘာ ၃၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် စက်တင်ဘာ ၃၀ ရက် ဒေသစံတော်ချိန် ည ၇ နာရီတွင် ဆိုးလ်မြို့ရှိ ကိုရီးယားတပ်မတော်ပူးတွဲစစ်ဦးစီးချုပ် ဥက္ကဋ္ဌ (Chairman of Joint Chiefs of Staff) ဖြစ်သူ Admiral Choi Yoon-hee ၏ နေအိမ်၌ တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။ **(ယာပုံ)**

အဆိုပါ ညစာစားပွဲသို့ မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးစိုးလွင်နှင့် ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် မြင့်ဟိန်းနှင့်ဇနီးတို့ တက်ရောက်ကြ၍ ကိုရီးယားတပ်မတော်မှ ပူးတွဲစစ်ဦးစီးချုပ် ဥက္ကဋ္ဌနှင့် ဇနီး၊ ကိုရီးယားတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြား၍ ဆုတောင်းမင်္ဂလာပြုခဲ့ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြား၍ ဆုတောင်းမင်္ဂလာပြုခဲ့သည်။ ထို့နောက် ညစာအတူတကွသုံးဆောင်ခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေအား အမေရိကန်ကြည်းတပ်စစ်သံမှူးနှင့် ရေတပ်စစ်သံမှူးတို့ လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၃၀**

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေအား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် ကြည်းတပ်စစ်သံမှူး Col.William C. Dickey နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် ရေတပ်စစ်သံမှူး Captain Christopher S.Chambers တို့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီ ရေတပ်စခန်းဌာနချုပ်၊ အရာရှိရိပ်သာ၌ လာရောက်တွေ့ဆုံသည်။ **(ဓါပုံ)**

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့်အတူ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် မောင်ဦးလွင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ Col. William C. Dickey နှင့် Captain Christopher S. Chambers တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကာ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားအဖွဲ့များ ပါဝင်ယှဉ်ပြိုင်လျက်ရှိသော ပွဲစဉ်များ

**အင်ချွန် စက်တင်ဘာ ၃၀**

တောင်ကိုရီးယားနိုင်ငံ အင်ချွန်မြို့၌ ကျင်းပလျက်ရှိသော (၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် စက်တင်ဘာ ၃၀ ရက်က မြန်မာအားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်မှုများမှာ အင်ချွန်မြို့ ဘူဖျောင်ပိုက်ကျော်ခြင်းအားကစားရုံ၌ ကျင်းပလျက်ရှိသော အမျိုးသားသုံးယောက်တွဲ (Regue) ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အုပ်စုပွဲစဉ်များအဖြစ် မြန်မာအမျိုးသားအသင်းနှင့် ထိုင်းအမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိုင်းအမျိုးသားအသင်းမှ နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် မြန်မာအမျိုးသားအသင်းနှင့် စင်ကာပူအမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအမျိုးသားအသင်းက နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် အင်ချွန်မြို့ အားကစားရုံ၌ကျင်းပသော နပန်း(၅၉)ကီလိုတန်းပြိုင်ပွဲကို မြန်မာနိုင်ငံမှ ဝဏ္ဏထွန်းနှင့် မြောက်ကိုရီးယားကစားသမားတို့ ယှဉ်ပြိုင်ကစားကြရာမြောက်ကိုရီးယားကစားသမားက ၈ မှတ်အပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားဘောလီဘောပွဲစဉ်အဆင့်သတ်မှတ်ချက်ပြိုင်ပွဲတွင် မြန်မာအမျိုးသားဘော်လီဘောအသင်းက ဟောင်ကောင်အမျိုးသားဘော်လီဘောအသင်းကို သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

အောက်တိုဘာ ၁ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အမျိုးသားပိုက်ကျော်ခြင်း သုံးယောက်တွဲ (Regue) ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မြန်မာအမျိုးသားအသင်းနှင့် လာအိုအမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး နပန်းပြိုင်ပွဲ (၆၀)ကီလိုတန်းတွင် မြန်မာနိုင်ငံမှ အားကစားသမား ထွန်းအောင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲ တိုက်ကွမ်ဒိုပွဲစဉ်များ၌ နွေးနွေး(၄၆)ကီလိုတန်းနှင့် အိန္ဒြာအောင်(၄၉)ကီလိုတန်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ဘော်လီဘောအဆင့်သတ်မှတ်ချက်ပြိုင်ပွဲကို မြန်မာနိုင်ငံအမျိုးသားအသင်းနှင့် တာဂျီကစ္စတန်အမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(အား/ကာ)**

# သတိပြုဖွယ် လျှပ်စစ်အန္တရာယ်(၄)

လျှပ်စစ်အန္တရာယ် သတိပြုနိုင်ရန်အတွက် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များမှ ကောက်နုတ်ဖော်ပြပေးခြင်းဖြင့် အများပြည်သူများ လျှပ်စစ်အသိ သတိရှိရန်ဖြစ်ပါသည်။ သတိပြုဖွယ် လျှပ်စစ်အန္တရာယ်(၃)၌ ဓာတ်လိုက်မှုဖြစ်စဉ်များတွင် အများဆုံးဖြစ်ပွားလျက်ရှိသော "လျှပ်စစ်စီးဝင်နိုင်သော ပစ္စည်းများ၊ ဓာတ်အားလိုင်းအောက်အနီးတွင် သတိမထားဘဲ လုပ်ငန်းဆောင်ရွက်မှု" ဖြစ်စဉ်အချို့ကို



ဖော်ပြခဲ့ပါသည်။ ဓာတ်လိုက်မှုဖြစ်စဉ်များတွင် ဒုတိယအများဆုံးဖြစ်သော "စက်ရုံ၊ အလုပ်ရုံ၊ နေအိမ်များတွင် အသုံးပြုသော လျှပ်စစ်ပစ္စည်းများ စနစ်တကျ တပ်ဆင်သုံးစွဲမှုမရှိခြင်းကြောင့် ဓာတ်လိုက်ခြင်း" ဖြစ်စဉ်အချို့ကို ဖော်ပြလိုပါသည်။

၂၀၁၂ ခုနှစ် ဇူလိုင် ၂၈ ရက်က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ဦး--- နေအိမ်ရှိ ရေဝင်နေသော မီးဖိုဆောင်အတွင်း မိန်းခလုတ်မပိတ်ဘဲ မိမိသဘောဖြင့် လျှပ်စစ်မီးဖိုကွိုင်ပျက်နေသည်ကို ပြုပြင်ရာမှ ဓာတ်လိုက်မှုဖြစ်ပွား၍ ဦး--- ဓာတ်လိုက်သေဆုံးမှုဖြစ်ပွားခဲ့ပါသည်။



၂၀၁၃ ခုနှစ် ဩဂုတ် ၁၆ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့ရှိ ဦး---၏ စက်ရုံတွင် သံဂဟေအလုပ်သမား---- သည် မိန်းခုံပလပ်ပေါက်မှ Two Pin Socket ဖြင့် ရေပန့်မော်တာသို့ ဓာတ်အားရယူ၍ ကားရေဆေးခဲ့ပြီး လုပ်ငန်းပြီးချိန်၌ မိန်းခုံပလပ်ပေါက်မှ Two Pin Socket ကို ရေစိုလက်ဖြင့်ဆွဲဖြုတ်စဉ် ဓာတ်လိုက်မှုဖြစ်ပေါ်၍ သေဆုံးမှုဖြစ်ပွားခဲ့သည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် လယ်တီရပ်ကွက်တွင် နေထိုင်သော ဦး----- ၏ သမီး မ----သည် ရေစိုနေသည့် လက်ဖြင့် အားသွင်းထားသော ရေဒီယို



အင်တာနာတိုင်အား ကိုင်မိရာမှ ဓာတ်လိုက်သေဆုံးမှုဖြစ်ပွားခဲ့သည်။

၂၀၁၄ ခုနှစ် ဧပြီ ၁၃ ရက်က မွန်ပြည်နယ် သိမ်ဆိပ်မြို့တွင် ဦး---- က မိမိနေအိမ်ခြံဝန်းအတွင်း ရေမော်တာဖြင့် ရေတွင်းမှ ရေတင်ရာ ရေတင်၍မရသဖြင့် လျှပ်စစ်မီးခလုတ်မပိတ်ဘဲ ရေမော်တာကို ကိုင်တွယ်ပြုပြင်ရာမှ ရေမော်တာကိုယ်ထည်မှတစ်ဆင့် လျှပ်စစ်စီးဝင်၍ ဦး---- ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ဓာတ်လိုက်မှုဖြစ်စဉ် အမျိုးအစားများအနေဖြင့် ၂၀၁၂ ခုနှစ်တွင် သေဆုံးသူ ၂၈ ဦး၊ ၂၀၁၃ ခုနှစ်တွင် သေဆုံးသူ ၃၄ ဦး၊ ၂၀၁၄ ခုနှစ် ဩဂုတ်လအထိ သေဆုံးသူ ၂၁ ဦးရှိခဲ့ပါသည်။ ဓာတ်လိုက်မှုဖြစ်စဉ်များကို သုံးသပ်ကြည့်ပါက ခန္ဓာကိုယ်ရေစိုအနေထားဖြင့် လျှပ်စစ်ပစ္စည်းများကို ကိုင်တွယ်ခြင်း၊ မီးခလုတ်မပိတ်ဘဲ လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်ခြင်း၊ မြေပြင်သမံတလင်းများတွင် ခြောက်သွေ့သော ဖိနပ်မစီးဘဲ လျှပ်စစ်ပစ္စည်းများကို ကိုင်တွယ်ခြင်းကြောင့် ဓာတ်လိုက်သေဆုံးရခြင်းဖြစ်ပါသည်။

- အိမ်သုံးပစ္စည်းများအား ရေစိုလက်၊ ရေစိုနေသော ခန္ဓာကိုယ်၊ ရေစိုနေသော အဝတ်အစားဝတ်လျက် ကိုင်တွယ်ခြင်းမပြုရပါ။
- သမံတလင်း၊ မြေပြင်ပေါ်၌ ခြောက်သွေ့သော ဖိနပ်စီးထားခြင်းမရှိဘဲ ကိုင်တွယ်အသုံးမပြုရပါ။
- လျှပ်စစ်အသုံးအဆောင်ပစ္စည်းများကို ကလေးငယ်များ လက်လှမ်းမမီသောနေရာတွင် တပ်ဆင်ရပါမည်။
- ပျက်စီးနေသော မီးပလပ်၊ ဆော့ကတ်များ မသုံးရပါ။
- မိန်းခလုတ်မပိတ်ဘဲ အိမ်သုံးလျှပ်စစ်ပစ္စည်းများ ကိုင်တွယ်ပြုပြင်ခြင်းမပြုလုပ်ရပါ။
- ဓာတ်လိုက်မှုဖြစ်ပွားပါက မိန်းခလုတ်ကို ဦးစွာပိတ်ပြီးမှ ဓာတ်မလိုက်နိုင်သော ပစ္စည်းတစ်ခုခုဖြင့် တွန်းထုတ်ခြင်း၊ ဖယ်ရှားခြင်းပြုလုပ်ရပါမည်။ (ဥပမာ-ခြောက်သွေ့သော ဝါးလုံး၊ သစ်သားချောင်း)

## မြောက်ဦးမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၁၂ သိန်း ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၃၀**

မြောက်ဦးမြို့နယ် ရဲတပ်ဖွဲ့မှူးဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၇ ရက်က မြောက်ဦးမြို့ ညောင်ပင်ဈေးရပ်ကွက် နန်းတော်ကုန်း(ပ)ထပ်၌ ဘောလုံးကန်ဆော့ကစားနေသော ငါးတန်းကျောင်းသားများက ချုံပုတ်အတွင်း ဝါးခြင်းတောင်းဖြင့်ထည့်လျက် မသင်္ကာဖွယ်ရာပစ္စည်းများတွေ့ရှိကြောင်း သတင်းပေးချက်အရ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သွားရောက်စစ်ဆေးရာ ဝင်းဝါးခြင်းတောင်းအတွင်းမှ (၄ လက်မ× ၂ လက်မခွဲ)အရွယ် ပလတ်စတစ်ဖြင့်ထုပ်လျက် တစ်ထုပ်လျှင် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ စီပါ ၂၀၆ ထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၄၁၂၀၀၀ ပြား (တစ်ပြားလျှင် ၃၀၀၀ နှုန်းဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၃၆၀၀၀၀၀)အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသဖြင့် မြောက်ဦးမြို့မရဲစခန်းက မယ(ပ)၁/၂၀၁၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■



ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများအား တွေ့ရစဉ်။

# ၁-၁၀-၂၀၁၄ရက်တွင် ကျရောက်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်နေ့အား ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

ပြည်သူ့အသက် အိုးအိမ်စည်းစိမ်များ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို အကျိုးပြုလုပ်ငန်းများ ကာကွယ်စောင့်ရှောက်လျက်ရှိသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်အပေါင်းအား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် ပြည့်အကျိုး၊ တပ်ဖွဲ့အကျိုးများကို ဆတက်ထမ်းပိုးမှုတ၊ ညီညွတ်၊ ချမ်းသာလွယ်ကူ၊ ဘေးကင်းစွာ ဆောင်ရွက်နိုင်ပါစေကြောင်း ဂုဏ်ပြုဆုတောင်းအပ်ပါသည်။

ဒေါ်ရွှေဥ
ရွှေဥရာစုသစ်၊ စိန်ရွှေရတနာဆိုင်
၆၁၈၊ မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်

# အမေရိကန်၊ နေတိုးတို့နှင့် လုံခြုံရေးသဘောတူညီချက် အာဖဂန်နစ္စတန်အစိုးရသစ် လက်မှတ်ရေးထိုးမည်

**ကဘူး စက်တင်ဘာ ၃၀**

၂၀၁၄ ခုနှစ် အလွန်ကာလအထိ အာဖဂန်နစ္စတန်နိုင်ငံ၌ နိုင်ငံခြားတပ်ဖွဲ့များ ဆက်လက်ရှိနေရေးအတွက် ခွင့်ပြုပေးနိုင်မည့် လုံခြုံရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို အာဖဂန်အစိုးရအဖွဲ့သစ်က အမေရိကန်နှင့် နေတိုးအဖွဲ့တို့နှင့် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

**လက်မှတ်ထိုးမည်**

အာဖဂန်နစ္စတန်အစိုးရက အသစ် ခန့်အပ်လိုက်သော အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဟာနစ်ဖ်အက်တမာက ယင်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးမည်ဟု မျှော်လင့်ရသည်။

ယခင်သမ္မတ ဟာမစ်ကာဇိုင်းသည် အမေရိကန်နှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် ငြင်းဆိုခဲ့သည်။

**ကျန်ရှိမည်**

အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးတပ်ဖွဲ့ဝင် အများစုကို ယခုနှစ်အတွင်း ရုပ်သိမ်းသွားမည်ဖြစ်ပြီး အမေရိကန်တပ်ဖွဲ့ဝင် ၉၈၀၀ ခန့် ဆက်လက်ကျန်ရှိနေမည်ဖြစ်သည်။

လာမည့်နှစ်အတွင်း အမေရိကန် ဦးဆောင်သည့် နိုင်ငံခြားတပ်ဖွဲ့ဝင်ဦးရေ ၁၂၅၀၀ ခန့်ရှိရန် သတ်မှတ်ထားပြီး ဂျာမနီနှင့် အီတလီနိုင်ငံတို့ကဲ့သို့သော မဟာမိတ်နိုင်ငံများက တပ်ဖွဲ့ဝင်များ စေလွှတ်ပေးမည်ဖြစ်သည်။

**နေထိုင်ခွင့်ပြု**

လုံခြုံရေးဆိုင်ရာ သဘောတူစာချုပ်အရ နိုင်ငံခြားအထူးတပ်ဖွဲ့များ တပ်စွဲနေထိုင်ခွင့်ပြုပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းနှင့် အာဖဂန်တပ်ဖွဲ့များအား လေ့ကျင့်ပေးရေးလုပ်ငန်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ **ဘီဘီစီ။**



နယ်စပ်ဒေသလုံခြုံရေးအတွက် တာဝန်ထမ်းဆောင်နေကြသော အာဖဂန်တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။



# ဗီယက်နမ်အစိုးရက စီးပွားရေးပြုပြင်ပြောင်းလဲမှု တိုးမြှင့်အကောင်အထည်ဖော်မည်

**ဟနွိုင်း စက်တင်ဘာ ၃၀**

ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကဏ္ဍတိုးတက်ကာ ထုတ်လုပ်မှု စွမ်းပကားမြှင့်တင်နိုင်ရန် ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို တိုးမြှင့်အကောင်အထည်ဖော်သွားရန် ဝန်ကြီးချုပ်ငုယင်တန်ဇွန်းက တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို ပြုလုပ်ကြရမည့်အပြင် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပိုမိုရှင်းလင်းလွယ်ကူစေရေးအတွက် ပြုပြင်ပြောင်းလဲရမည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ကူးသန်းရောင်းဝယ်ရေးများကိုလည်း ပြုပြင်ပြောင်းလဲရန် လိုအပ်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ငုယင်တန်ဇွန်းက အစိုးရအဖွဲ့အစည်းအဝေးတွင် ပြောကြားသည်။

ဗီယက်နမ်အမျိုးသားလွှတ်တော်က ယခုနှစ်အတွက် လူမှု-စီးပွားရေးဆိုင်ရာ ရည်မှန်းချက် ၁၅ ရပ်ကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်ခဲ့သည့်အနက် ရည်မှန်းချက် ၁၃ ရပ်ကို ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

အလုပ်အကိုင်နေရာ ၁ ဒသမ ၆ သန်း ဖော်ထုတ်ပေးရန် ရည်မှန်းချက်မှာ ပေါက်မြောက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ **ပီတီအိုင်။**

# ကျင်ဟိုင်း-တိဘက် ရထားလမ်းကို နီပေါနယ်စပ်ဒေသအထိ တိုးချဲ့ရန် အဆိုပြု

ခတ္တမန္ဒူ စက်တင်ဘာ ၃၀

**ကျင်ဟိုင်း-တိဘက် ရထားလမ်းကို နီပေါနိုင်ငံနယ်စပ်ဒေသအထိ တိုးချဲ့ဖောက်လုပ်ရန် တရုတ်နိုင်ငံက မူအားဖြင့် သဘောတူညီခဲ့ကြောင်း နီပေါအစိုးရတာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။**

**တိဘက်ဒေသ၏ ရထားလမ်း တစ်နေရာကို တွေ့ရစဉ်။**



တိဘက်ဒေသ လာဆာတွင် ကျင်းပခဲ့သော နီပေါ-တိဘက် ကုန်သွယ်ရေးအထောက်အကူပြုကော်မတီ အစည်းအဝေးတွင် ရထားလမ်း တိုးချဲ့ဖောက်လုပ်ရေးကိစ္စကို ဆွေးနွေးခဲ့သည်။

ကျင်ဟိုင်း-တိဘက် ရထားလမ်းကို နီပေါနယ်စပ်ဒေသအထိ တိုးချဲ့ဖောက်လုပ်ရေး မိမိတို့အစိုးရအဖွဲ့၏ အဆိုပြုချက်ကို တရုတ်နိုင်ငံက လက်ခံကြောင်း နီပေါကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပူးတွဲအတွင်းဝန် ဂျစ်ဘ်ရပ်ကွိုင်ယာလာက ပြောကြားသည်။ ၎င်းသည် အဆိုပါကော်မတီအစည်းအဝေးသို့ တက်ရောက်လာသော နီပေါကိုယ်စားလှယ်အဖွဲ့၏ ခေါင်းဆောင်ဖြစ်သည်။

ရထားလမ်းတိုးချဲ့ဖောက်လုပ်ရေး အဆိုပြုချက်ကို နီပေါအစိုးရအဖွဲ့က တရုတ်ဗဟိုအစိုးရအဖွဲ့ထံ တင်ပြရန် တရုတ်ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဆီဒန်းနန်ဂျီးက ပြောကြားသည်။ ၎င်းသည် တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့၏ ဒုတိယအထွေထွေအတွင်းရေးမှူးဖြစ်သည်။

ကျင်ဟိုင်း-တိဘက်ရထားလမ်းကို နယ်စပ်ရှိ ရှင်ဂတ်စီးမြို့သို့ ဆက်သွယ်နိုင်ရန် ၂၅၃ ကီလိုမီတာ တိုးချဲ့ဖောက်လုပ်ခဲ့ပြီး ကျင်ဟိုင်းပြည်နယ်ရှိ စင်နင်းမြို့မှ တိဘက်ဒေသ မြို့တော်လာဆာသို့ ဆက်သွယ်ထားသည်။ ရထားလမ်းကို တိုးချဲ့ဖောက်လုပ်ခြင်းဖြင့် အိမ်နီးချင်းနိုင်ငံများနှင့်ဆက်သွယ်လာနိုင်မည်ဖြစ်သည်။ **ပီတီအိုင်။**

# ဟောလိဝုဒ် ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်း၌ မောင်းသူမဲ့လေယာဉ် အသုံးပြုခွင့် ရရှိပြီ

**ဝါရှင်တန် စက်တင်ဘာ ၃၀**

အမေရိကန် ဟောလိဝုဒ် ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်း၌ လုပ်ကိုင်နေသော ကုမ္ပဏီအချို့နှင့် ရုပ်မြင်သံကြားကုမ္ပဏီအချို့တို့အနေဖြင့် ရုပ်ရှင်ရိုက်ကူးရာတွင် မောင်းသူမဲ့လေယာဉ်များအသုံးပြုခွင့် ရရှိကြပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

**ရုပ်ရှင်ရိုက်ကူးရာတွင် မောင်းသူမဲ့လေယာဉ်များကို အသုံးပြုလာနိုင်တော့မည်ဖြစ်သည်။**



ရုပ်ရှင်ရိုက်ကူးရာတွင် မောင်းသူမဲ့လေယာဉ်ငယ်များကို အသုံးပြုနိုင်ရန် ရုပ်ရှင်နှင့်ရုပ်မြင်သံကြား ကုမ္ပဏီခြောက်ခုကို ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း ဖက်ဒရယ်မြို့ပြလေကြောင်း အုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။

ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းတွင် မောင်းသူမဲ့လေယာဉ် အသုံးပြုခွင့်ရရှိရန် အမေရိကန် ဖက်ဒရယ်မြို့ပြလေကြောင်း အုပ်ချုပ်ရေးအဖွဲ့က စည်းမျဉ်းစည်းကမ်းများကို လျှော့ချပေးခဲ့သည်။

ရုပ်ရှင်ရိုက်ကူးရာတွင် အသုံးပြုခွင့်ရှိသော မောင်းသူမဲ့လေယာဉ်မှာ အလေးချိန် ၅၅ ပေါင် (၂၅ ကီလို)ထက် မပိုရပေ။ ယင်းလေယာဉ်ကို အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်သူ၏ မြင်ကွင်းအတွင်းရှိ အကွာအဝေးအတွင်း၌သာ ပျံသန်းခွင့်ရှိသည်။ မောင်းသူမဲ့လေယာဉ် ထိန်းချုပ်သူသည် ပုဂ္ဂလိက လေယာဉ်မောင်းလိုင်စင်ရှိရန် လိုအပ်ကြောင်း၊ အမြင့်ပေ ၄၀၀ (မီတာ ၁၂၀)အောက်တွင်သာ မောင်းသူမဲ့လေယာဉ် ပျံသန်းခွင့်ရှိကြောင်း ဖယ်ဒရယ်မြို့ပြလေကြောင်း အုပ်ချုပ်ရေးအဖွဲ့၏ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မောင်းသူမဲ့လေယာဉ်ကို ကူးသန်းရောင်းဝယ်ရေးနယ်ပယ်တွင် အသုံးပြုခွင့်ပေးလာခြင်းဖြင့် ယင်းလေယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု မျှော်လင့်ရသည်။ **ရိုက်တာ။**

# စစ်သွေးကြွများအား ချေမှုန်းရန် လက်ဘနွန်တပ်မတော်ကို အီရန် ကူညီမည်

**ဘေရွတ် စက်တင်ဘာ ၃၀**

အစွန်းရောက် စစ်သွေးကြွအုပ်စုများအား ချေမှုန်းတိုက်ခိုက်နိုင်ရန် လက်ဘနွန်တပ်မတော်ကို စစ်လက်နက်ကိရိယာများ ထောက်ပံ့ကူညီမည်ဖြစ်ကြောင်း ယင်းနိုင်ငံသို့ ရောက်ရှိနေသည့် အီရန်အစိုးရ အထက်တန်းကိုယ်စားလှယ်အဖွဲ့မှ တာဝန်ရှိသူက ပြောကြားသည်။

လက်ဘနွန် တပ်မတော်အတွက် အီရန်နိုင်ငံက ပထမဆုံးအကြိမ် စစ်ရေးအကူအညီပေးမည်ဖြစ်သည်။

အီရန်နိုင်ငံသည် လက်ဘနွန်နိုင်ငံရှိ ဟစ်ဇ်ဘိုလာအဖွဲ့အား အဓိကထောက်ခံအားပေးနေသော နိုင်ငံဖြစ်သည်။ ယင်းအဖွဲ့မှာ လက်ဘနွန်တပ်မတော် ထက်အင်အားပိုမိုကြီးမားပြီး ထောင်နှင့်ချီသောဒုံးလက်နက်များကို ပိုင်ဆိုင်သည်။

လွန်ခဲ့သည့်နှစ်လအတွင်း လက်ဘနွန်တပ်မတော်က ဆီးရီးယားနိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဒေသအနီးတွင် စစ်သွေးကြွများကို တိုက်ခိုက်နေခဲ့သည်။ ဩဂုတ်လအစောပိုင်းက စစ်သွေးကြွများသည် ဆီးရီးယားနိုင်ငံမှနေ၍ လက်ဘနွန်နယ်စပ်ဒေသအတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ကာ စစ်သည်နှင့် ရဲတပ်ဖွဲ့ဝင် ၂၀ ကို ဖမ်းဆီးခဲ့သည်။ ၎င်းတို့အနက် သုံးဦး သတ်ဖြတ်ခံခဲ့ရသည်။

**ပီတီအိုင်။**

ပြည်တွင်းရေးရာ

**✻ ရိုးရာမပျက်မှ**

ကနဦး အရုပ်ဆင်များမှာ(၁)ထမ်းစင်ပေါ်တွင် ဝပ်ဆင်၊ ဆင်ဖြူတော်ခေါင်းမလှုပ်၊ (၂)ထမ်းစင်ပေါ်တွင် ဆင်ဖြူတော်ခေါင်းလှုပ်၊ နားရွက်ခတ်၊ (၃)ထမ်းစင်ပေါ်တွင် မတ်တတ်ရပ်ဆင်ခေါင်း၊ နှာမောင်းလှုပ်ခတ်နိုင်ပြီး ထိုမှတစ်ဆင့် ရွှေဆင်ရုပ်၊ ငွေဆင်ရုပ်စသည်တို့ဖြင့် တီထွင်ခဲ့ကြသည်။

ယခုခေတ် လူများဝင်၍ ကရသော မြေနင်းဆင်ရုပ်များကို ကျောက်ဆည်မြို့ ညောင်ခြောက်ပင်ရပ် "ဆရာငယ်" က စတင်တီထွင်၍ "နွဲ့ဆိုး" ဟူသော အမည်ဖြင့် ၁၉၂၅ ခုနှစ်ခန့်က စတင်ပွဲထုတ်ခဲ့သည်။ ထိုမှတစ်ဆင့် ဆင်ချိုးပညာဆင့်ပွားကာ ယခုမြင်တွေ့နေရသော မြေနင်းဆင်ရုပ်များဖြင့် ဆင်လှူပွဲတော်ကြီးကို ကျင်းပခဲ့ကြသည်။ ယခင်က ဆင်လှူပွဲတော်နှင့် ဆင်အကအလှပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဆင်များသည် ဒိုးပတ်၊ နှဲ၊ လင်းကွင်း၊ မောင်း၊ ဝါးလက်ခုပ် စသည်များဖြင့် မြို့မဈေးကြီးကို လမ်းလျှောက်၍သာ ယှဉ်ပြိုင်ခဲ့ကြပြီး တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်အရ နောက်ပိုင်းနှစ်များမှစတင်ကာ ယခုလက်ရှိအချိန်ထိ ကားကြီးကားငယ်အသွယ်သွယ်ဖြင့် ခေတ်ပေါ်တေးဂီတများဖြင့် ပါဝင်ယှဉ်ပြိုင်ကြလျက်ရှိသည်။ ထို့ကြောင့် ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူများက ရိုးရာမပျက်ရေးအတွက် ဒိုးပတ်၊ နှဲ၊ လင်းကွင်း၊ မောင်း၊ ဝါးလက်ခုပ်များဖြင့် ပါဝင်ယှဉ်ပြိုင်သောဆင်များကို ရှေးရိုးရာဆုများချီးမြှင့်ကာ ဆောင်ရွက်လျက်ရှိသည်။

ဆင်အကအလှပြိုင်ပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက် တစ်ရက်တည်းသာ ကျင်းပသောကြောင့် လူငယ်များသည် မိမိတို့ ပြင်ဆင်ထားရှိမှုနှင့် ပျော်ရွှင်ရသည့်အချိန် နည်းပါးသောကြောင့် ယခင် နှစ်နှစ်ဝန်းကျင်မှစတင်ကာ သီတင်းကျွတ်လဆန်း ၁၃ ရက် ညပိုင်းတွင်ပါ မြို့တွင်းသို့ လှည့်လည်ကပြဖျော်ဖြေခံလေ့ရှိလာကြသည်။ ထိုညတွင်လည်း ဆင်ပွဲတော်အလား စည်ကားလာခဲ့သည်။

ဆင်အကအလှ ပြိုင်ပွဲကြီးကို သီတင်းကျွတ်လဆန်း ၁၄ ရက် နံနက် ၈ နာရီခန့်တွင် ပြိုင်ပွဲဝင်ဆင်များနှင့် လှည့်လည်ဖျော်ဖြေမည့် ဆင်များဖြင့် ဆင်ပြိုင်ပွဲကြီးကို စတင်ဖွင့်လှစ်သည်။ ဆင်အကပြိုင်ပွဲဝင်မည့် ဆင်များသည် ဖွင့်ပွဲပြီးသည်နှင့် တစ်ပြိုင်နက်ဆက်လက် ယှဉ်ပြိုင်ကြရသည်။ ပြိုင်ပွဲဝင် ဆင်အဖွဲ့အစည်းများ အနေဖြင့် မြို့မဈေးကြီးကို သုံးပတ်ပတ်ကာ အမှတ်ပေးဒိုင် သုံးဒိုင်ကို ပါဝင်ယှဉ်ပြိုင်ကြရသည်။

ကျောက်ဆည် နယ်သူ နယ်သားများသည် အနော်ရထာမင်းကြီး ဆောင်ရွက်ပေးတော်မူခဲ့သည့် ဆည်မြောင်းကန်ချောင်းတို့ကို အသုံးပြုကာ စိုက်ပျိုးမွေးမြူလုပ်ကိုင်စားသောက်နေသောကြောင့် ကျေးဇူးတော်ကို အောက်မေ့ကာ သီတင်းကျွတ်လပြည့်နေ့တွင် ရွှေသာလျောင်းတောင်ထိပ်ထိတက်၍ ဘုရားကိုလက်ယာရစ်သုံးပတ်ပတ်ပြီး ဆွမ်းတော်ပွဲ များနှင့်အတူ ဆင်ရုပ်များကို ရေစက်သွန်းချလှူဒါန်းကြပြီး အနော်ရထာမင်းကြီးနှင့်တကွ ဆင်မယဉ်သာ (ဆင်ဖြူ)ကိုပါ ရည်မှန်း၍ အမျှအတန်း ပေးဝေကြသည်။

ကျောက်ဆည်မြို့ ဆင်လှူပွဲတော်ကို နှစ်စဉ်ရှေးရိုးစဉ်လာမပျက် ရိုးရာပွဲတော်အဖြစ် ကျင်းပလာခဲ့သည်မှာ အနော်ရထာမင်း လက်ထက်မှစ၍ ယနေ့ထက်တိုင် နှစ်ပေါင်း ၉၀၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။ ထိုကဲ့သို့ နှစ်ပေါင်း ၉၀၀ ကျော်တိုင် ရှေးရိုးစဉ်လာမပျက် နှစ်စဉ် ကျင်းပခဲ့သော ပွဲတော်တစ်ခု ဖြစ်ခြင်း၊ မြန်မာတွင်သာမက ကမ္ဘာတွင်ပါ လူသိများ ကျော်ကြားလှသောကြောင့် ကျောက်ဆည်မြို့ ဆင်လှူပွဲတော်သို့ တစ်ခေါက်တစ်ခါ အရောက်လာခဲ့ပါဟု ဖိတ်ခေါ်လိုက်ရပါသည်။ ။

**● စာမျက်နှာ ၆ မှ**

ပုဂ္ဂလိကယာဉ်များ မြို့တွင်းဝင်ရောက်ခွင့် ကန့်သတ်နိုင်သည်။ စင်ကာပူနိုင်ငံအနေဖြင့် ကားကျပ်မှုပြဿနာ ဖြေရှင်းရာတွင် ထိရောက်သည့် နည်းလမ်းတစ်ခုမှာ ကားသစ်ဝယ်ယူမှတ်ပုံတင်နိုင်ရေးအတွက် ပထမဆုံး လိုအပ်ချက်မှာ COE (Certificate of Entitlement ) ရရှိရေးပင်ဖြစ်ပြီး COE ရှိမှသာ ယာဉ်ပိုင်ဆိုင်ခွင့်နှင့် သက်တမ်းကားအမျိုးအစားလိုက် (၅)နှစ်မှ(၁၀) နှစ်အတွင်း သတ်မှတ်ထားသည့် လမ်းများ အသုံးပြုခွင့်ရှိသည်။ COE ကို မြင်သာသည့် ဈေးပြိုင်စနစ်(Open Bidding System)အရ ပြုလုပ်သောကြောင့် လက်ရှိပြေးဆွဲနေသည့် ကားအရေအတွက်၊ ဖျက်သိမ်းမည့်အရေအတွက် စသည်တို့အပေါ် မူတည်ပြီး လိုအပ်သည့်အရေအတွက်သာ ချမှတ်ပေးနိုင်ရေးCOE ဈေးနှုန်းအနိမ့်အမြင့်ဖြင့် ထိန်းကျောင်းလေ့ရှိသည်။

ရန်ကုန်မြို့အတွက်မူ အခြေခံအဆောက်အအုံများ တည်ဆောက်ပြုပြင်နေရသည့် ကာလဖြစ်သည့်အတွက် လမ်းချဲ့ခြင်း၊ ခုံးကျော်တံတားဆောက်လုပ်ခြင်း၊ လမ်းသွယ်လမ်းမြောင်များ သွားလာနိုင်အောင် ပြုလုပ်နေသည့် ကာလဖြစ်၍ အချို့လမ်းများပို၍ ကျပ်သည်။ လက်ရှိ ရန်ကုန်မြို့၌ အသုံးပြုနိုင်သော လမ်းအရေအတွက်နှင့် အကျယ်အဝန်းအရ ဝင်ဆံ့နိုင်သည့် ကားအရေအတွက် မည်မျှရှိရမည်ဆိုသည်ကို စနစ်တကျလေ့လာဆန်းစစ်ပြီး ရန်ကုန်မြို့အတွင်း ရှိသင့်သည့်ကားအရေအတွက်(Optimum Number of Motorcar)ရှိရေး လုပ်ဆောင်နိုင်သည်။ရန်ကုန်တိုင်းဒေသကြီးအတွင်း အသုံးပြုမည့်ကားအသစ်များ ဝယ်ယူတင်သွင်းနိုင်ရေး ကားထားမည့်နေရာ( Parking Area )ကိုပါ ပူးတွဲဖော်ပြစေခြင်း၊ နယ်ကားများ ရန်ကုန်တွင် အချိန်ကာလတစ်ခုထက်ပို၍ ခွင့်မပြုခြင်းတို့ကိုလည်း အာဏာပိုင်များက လုပ်ဆောင်နိုင်သည်။ ထို့အတူ နည်းပညာကို အခြေပြုပြီး မီးပွိုင့်များတွင် VCD Camera များအပြင် အလိုအလျောက် စိစစ်အကဲဖြတ်မှု (Censoring) လုပ်နိုင်သည့် စနစ်ကိုလည်း လောလောဆယ်ငွေကြေးနှင့် နည်းပညာမပြည့်စုံသေး၍ ချက်ချင်းမလုပ်နိုင်သော်လည်း နောင်တစ်ချိန် ဖြစ်နိုင်သည်။

**ချက်ချင်းလုပ်ဆောင်သင့်သည့် နည်းလမ်းများ**

ရန်ကုန် ကားကျပ်မှုကို လျော့နည်းစေရန် လက်ငင်းလုပ်ဆောင်သင့်သည့် နည်းလမ်းများတွင် လက်ရှိတည်ဆောက်နေသည့် ခုံးကျော်တံတားစီမံကိန်းများ ဦးစားပေးရမည်ဖြစ်သလို ကားပါကင်နေရာများ တည်ဆောက်ရေး အထူးဦးစားပေးရမည်ဖြစ်သည်။ သို့မှသာ လမ်းများပေါ်တွင် ကားရပ်နားမှုကို ဖြေရှင်းနိုင်မည်ဖြစ်သည်။ ပို၍အရေးကြီးသည်မှာ ကားကျပ်မှုကြောင့် အခြေခံလူတန်းစားနှင့် လူအများကို မထိခိုက်စေရန် မြို့ပတ်ရထားပို့ဆောင်ရေး ယခုထက် ရထားစင်းရေများများဖြင့် တိုးချဲ့ပို့ဆောင်နိုင်ရေး ဆောင်ရွက်ရတော့မည် ဖြစ်သည်။ လမ်းဆုံလမ်းခွ၊ လမ်းခွဲနေရာတိုင်း ယာဉ်ထိန်းရဲများလိုသလို ကားစီးရေနှင့် ယာဉ်ထိန်းရဲ မျှတစေရန် စီမံသင့်သည်။

**မြှင့်တင်ရတော့မည့် ကျင့်ဝတ်နှင့် စည်းကမ်း**

ရန်ကုန်ကားကျပ်မှု၏ အခြေခံအကြောင်းအရင်းတစ်ရပ်မှာ ကျင့်ဝတ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအားနည်းနေမှုပင်ဖြစ်ပြီး ကားမောင်းသူများ၊ လမ်းဖြတ်ကူးသူများ၊ ကားစီးသူများ၊ လမ်းဘေးဈေးသည်များ၊ ကားလမ်းပေါ်တွင် ကားရပ်မှုများအားလုံး အကျုံးဝင်သည်။ အထူးသဖြင့် ဘတ်စ်ကား၊ Taxi မောင်းသူများ သတ်မှတ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အပြည့်အဝလိုက်နာလျှင် ကားကျပ်မှုပြဿနာ အတိုင်းအတာတစ်ခုအထိ ဖြေရှင်းနိုင်မည် ဖြစ်သည်။ ထို့ပြင်ကားမောင်းသူများရော၊ ကားစီးသူများပါ လမ်းပေါ် ကွမ်းတံတွေးထွေးမှု၊ ကားပေါ်မှ အမှိုက်ပစ်ချမှု၊ ကားလမ်းကြောဖြတ်ဝင်မှု၊ ဟွန်းတီးမှုအမြန်ဆုံးပပျောက်အောင် ဝိုင်းဝန်းလုပ်ဆောင်ရတော့မည်။ တစ်နေ့တခြား တိုးပွားလာသည့် နိုင်ငံခြားသား လည်ပတ်သူများ လာရောက်နေချိန် အဆိုပါစည်းကမ်းနှင့် ကျင့်ဝတ်ကိုလူတိုင်းလိုက်နာမှသာ မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်မည်ဖြစ်သည်။ ရန်ကုန်မြို့နေလူထု၏ လမ်းအသုံးပြုမှုနှင့်ပတ်သက်၍ ကျင့်ဝတ်နှင့်စည်းကမ်း ယခုထက်ပိုမိုမြှင့်တင်နိုင်ရေး တစ်ဦးချင်းစီမှစ၍ အပြုသဘောဖြင့် ဝိုင်းဝန်းလုပ်ဆောင်ရန် လိုအပ်နေပြီ ဖြစ်သည်။

အချုပ်ဆိုရသော် ရန်ကုန်ကားကျပ်မှုလျော့နည်းစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် အခြေခံအဆောက်အအုံများဖြစ်သည့် ကားရပ်နားစခန်းများ၊ လမ်းချဲ့ထွင်ခြင်း၊ ခုံးကျော်တံတားတည်ဆောက်မှုများကို အထူးဦးစားပေး အစီအစဉ်များဖြင့် တည်ဆောက်ပြုပြင်ရမည် ဖြစ်သလို နိုင်ငံတကာကဲ့သို့ လူအများ၏ သွားလာရေးကို အဓိကတာဝန်ယူပို့ဆောင်ပေးမည့် မြို့ပတ်ရထားပြေးဆွဲမှုကို အမြန်ဆုံးတိုးချဲ့ရတော့မည်ဖြစ်သည်။ ထို့ပြင် လမ်းဘေးဈေးသည်များ စနစ်တကျ နေရာချထားနိုင်ရေး၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များတွင် ကျောင်းသားတစ်ဦး ကားတစ်စီး ကြိုပို့လုပ်နေမှုကို ကျောင်းဘတ်စ်ကား(School Bus) သို့မဟုတ် ဖယ်ရီ (Ferry ) ဖြင့် အမြန်ဆုံးအစားထိုးရေး၊ လမ်းကြိုလမ်းကြားများ ကားသွားလာနိုင်အောင် လုပ်ဆောင်ရေး၊ ရန်ကုန်တွင် အသုံးပြုမည့် ကားများအတွက် ကန့်သတ်မှုများ၊ စီမံချက်များအပြင် စည်းမျဉ်းစည်းကမ်းဖောက်သူများကိုလည်း ထိရောက်သည့် အရေးယူမှုများ၊ လုပ်ဆောင်မှုတိုင်းအတွက် မြင်သာထင်သာရှိစေရန် ပုဂ္ဂလိကလူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် ပေါင်းစည်းလုပ်ကိုင်သင့်ပေသည်။

အရေးကြီးဆုံး ပြင်ဆင်ရမည့်အချက်မှာ ကားလမ်းအသုံးပြုသူများ၊ ယာဉ်မောင်းများ၊ ကားစီးသူများ အသိစိတ်ဓာတ်မြင့်မားရေး၊ ကျင့်ဝတ်နှင့် စည်းကမ်း တိတိကျကျ လိုက်နာဆောင်ရွက်ရေး အထူးအရေးကြီးသည်။ စီးပွားရေးမြို့တော် ရန်ကုန်ကားကျပ်သည့် ပြဿနာအား နိုင်ငံတော်၊ တိုင်းဒေသကြီး၊ အရပ်ဘက် အဖွဲ့အစည်းများအပါအဝင် ပြည်သူများအားလုံး ပူးပေါင်းဖြေရှင်းမှသာ အောင်မြင်နိုင်မည် ဖြစ်သည်။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထောင်စုရှေ့နေချုပ်ရုံး
## နေပြည်တော်
## ကြေညာချက်

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ၁၇-၈-၂၀၁၄ ရက်နေ့တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ကျင်းပပြုလုပ်ခဲ့သည့် ဥပဒေအရာရှိအဆင့်-၄၊ ရာထူးအရည်အချင်းစစ် ရေးဖြေစာမေးပွဲအောင်စာရင်းနှင့် လူတွေ့စစ်ဆေးခံရမည့်နေ့ရက်တို့ကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | လူတွေ့စစ်ဆေးခံရမည့်နေ့ | ခုံအမှတ် | | | |
|---|---|---|---|---|---|
| ၁။ | ၁၅-၁၀-၂၀၁၄ (ဗုဒ္ဓဟူးနေ့) | မတလ-၅<br>မတလ-၁၃<br>မတလ-၃၉<br>မတလ-၁၁၃<br>မတလ-၁၄၈<br>မတလ-၂၇၂<br>မတလ-၂၉၂<br>မတလ-၃၅၂<br>မတလ-၃၈၇<br>မတလ-၄၂၇ | မတလ-၆<br>မတလ-၂၂<br>မတလ-၄၁<br>မတလ-၁၁၈<br>မတလ-၂၁၂<br>မတလ-၂၇၅<br>မတလ-၂၉၈<br>မတလ-၃၆၁<br>မတလ-၄၀၆<br>မတလ-၄၃၁ | မတလ-၇<br>မတလ-၂၃<br>မတလ-၈၂<br>မတလ-၁၂၃<br>မတလ-၂၁၉<br>မတလ-၂၇၆<br>မတလ-၃၁၁<br>မတလ-၃၆၉<br>မတလ-၄၀၇<br>မတလ-၄၄၂ | မတလ-၁၂<br>မတလ-၃၂<br>မတလ-၁၀၇<br>မတလ-၁၃၈<br>မတလ-၂၇၁<br>မတလ-၂၇၈<br>မတလ-၃၁၇<br>မတလ-၃၇၁<br>မတလ-၄၂၅<br>မတလ-၄၅၅ |
| ၂။ | ၁၆-၁၀-၂၀၁၄ (ကြာသပတေးနေ့) | မတလ-၄၇၆<br>မတလ-၅၁၈<br>မတလ-၅၅၄<br>မတလ-၅၆၈<br>မတလ-၆၀၀<br>မတလ-၆၂၈<br>မတလ-၆၇၆<br>မတလ-၇၄၆<br>မတလ-၈၇၅<br>မတလ-၉၂၉ | မတလ-၄၉၆<br>မတလ-၅၂၄<br>မတလ-၅၅၆<br>မတလ-၅၇၅<br>မတလ-၆၁၅<br>မတလ-၆၂၉<br>မတလ-၆၇၉<br>မတလ-၇၈၁<br>မတလ-၉၀၅<br>မတလ-၉၄၇ | မတလ-၅၁၆<br>မတလ-၅၂၅<br>မတလ-၅၆၂<br>မတလ-၅၈၀<br>မတလ-၆၁၇<br>မတလ-၆၄၂<br>မတလ-၆၈၆<br>မတလ-၇၉၇<br>မတလ-၉၀၆<br>မတလ-၉၄၈ | မတလ-၅၁၇<br>မတလ-၅၅၃<br>မတလ-၅၆၃<br>မတလ-၅၈၂<br>မတလ-၆၂၀<br>မတလ-၆၅၄<br>မတလ-၇၁၈<br>မတလ-၈၂၃<br>မတလ-၉၁၆<br>မတလ-၉၇၆ |
| ၃။ | ၁၇-၁၀-၂၀၁၄ (သောကြာနေ့) | မတလ-၉၈၄<br>မတလ-၁၀၂၂<br>မတလ-၁၀၃၇<br>မတလ-၁၀၄၆<br>မတလ-၁၀၉၆<br>မတလ-၁၁၆၀<br>ရက-၁၉<br>ရက-၄၇<br>ရက-၉၃<br>ရက-၁၁၂ | မတလ-၁၀၀၇<br>မတလ-၁၀၂၅<br>မတလ-၁၀၃၈<br>မတလ-၁၀၅၄<br>မတလ-၁၁၁၅<br>မတလ-၁၁၇၅<br>ရက-၂၀<br>ရက-၅၁<br>ရက-၁၀၀<br>ရကာ-၁၂၃ | မတလ-၁၀၁၅<br>မတလ-၁၀၃၃<br>မတလ-၁၀၃၉<br>မတလ-၁၀၆၅<br>မတလ-၁၁၂၀<br>မတလ-၁၁၉၃<br>ရကာ-၄၁<br>ရကာ-၅၂<br>ရကာ-၁၀၃<br>ရကာ-၁၂၇ | မတလ-၁၀၁၇<br>မတလ-၁၀၃၅<br>မတလ-၁၀၄၁<br>မတလ-၁၀၆၈<br>မတလ-၁၁၂၅<br>မတလ-၁၂၂၉<br>ရကာ-၄၅<br>ရကာ-၅၃<br>ရကာ-၁၁၀<br>ရကာ-၁၅၂ |
| ၄။ | ၁၈-၁၀-၂၀၁၄ (စနေနေ့) | ရကာ-၁၅၈<br>ရကာ-၁၈၈<br>ရကာ-၃၁၃<br>ရကာ-၃၇၀<br>ရကာ-၃၈၄<br>ရကာ-၃၉၉<br>ရကာ-၄၅၅<br>ရကာ-၄၉၁<br>ရကာ-၅၁၇<br>ရကာ-၆၆၉<br>ရကာ-၆၉၅<br>ရကာ-၇၆၀ | ရကာ-၁၆၀<br>ရကာ-၂၂၉<br>ရကာ-၃၃၁<br>ရကာ-၃၇၇<br>ရကာ-၃၈၅<br>ရကာ-၄၀၀<br>ရကာ-၄၅၇<br>ရကာ-၄၉၂<br>ရကာ-၅၁၉<br>ရကာ-၆၈၂<br>ရကာ-၆၉၇ | ရကာ-၁၇၈<br>ရကာ-၂၄၉<br>ရကာ-၃၄၉<br>ရကာ-၃၇၈<br>ရကာ-၃၉၃<br>ရကာ-၄၀၂<br>ရကာ-၄၅၈<br>ရကာ-၄၉၃<br>ရကာ-၅၆၃<br>ရကာ-၆၉၀<br>ရကာ-၇၀၀ | ရကာ-၁၈၂<br>ရကာ-၂၈၇<br>ရကာ-၃၆၉<br>ရကာ-၃၈၂<br>ရကာ-၃၉၅<br>ရကာ-၄၂၄<br>ရကာ-၄၈၇<br>ရကာ-၄၉၅<br>ရကာ-၅၆၅<br>ရကာ-၆၉၃<br>ရကာ-၇၄၂ |
| ၅။ | ၂၀-၁၀-၂၀၁၄ (တနင်္လာနေ့) | ရကာ-၇၆၈<br>ရကာ-၇၉၇<br>ရကာ-၈၅၅<br>ရကာ-၉၉၁<br>ရကာ-၁၀၂၄<br>ရကာ-၁၀၅၃<br>ရကာ-၁၁၁၁<br>ရကာ-၁၁၃၅<br>ရကာ-၁၁၇၄<br>ရကာ-၁၂၇၇<br>ရကာ-၁၃၁၄ | ရကာ-၇၆၉<br>ရကာ-၈၁၂<br>ရကာ-၈၆၁<br>ရကာ-၁၀၀၃<br>ရကာ-၁၀၂၉<br>ရကာ-၁၀၅၆<br>ရကာ-၁၁၂၄<br>ရကာ-၁၁၃၈<br>ရကာ-၁၁၉၃<br>ရကာ-၁၃၀၁<br>ရကာ-၁၃၃၂ | ရကာ-၇၈၁<br>ရကာ-၈၃၁<br>ရကာ-၉၁၂<br>ရကာ-၁၀၁၂<br>ရကာ-၁၀၃၁<br>ရကာ-၁၁၀၀<br>ရကာ-၁၁၂၈<br>ရကာ-၁၁၄၀<br>ရကာ-၁၂၀၃<br>ရကာ-၁၃၀၅ | ရကာ-၇၈၇<br>ရကာ-၈၄၆<br>ရကာ-၉၇၂<br>ရကာ-၁၀၂၀<br>ရကာ-၁၀၃၅<br>ရကာ-၁၁၀၈<br>ရကာ-၁၁၃၃<br>ရကာ-၁၁၆၉<br>ရကာ-၁၂၀၄<br>ရကာ-၁၃၁၂ |

၂။ အထက်ဖော်ပြပါ ဥပဒေအရာရှိအဆင့်-၄၊ ရာထူးအရည်အချင်းစစ်ဆေးရေးဖြေစာမေးပွဲအောင်မြင်သူများသည် လူတွေ့စစ်ဆေးမှုခံယူရန်နှင့် စိတ်အခြေအနေစစ်ဆေးမှုခံယူရန် မိမိတို့ဖြေဆိုရမည့် ရက်မတိုင်မီ (၁)ရက်ကြိုတင်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်၊ ရုံးအမှတ်(၂၅)၊ စီမံရေးရာဌာန၊ ဝန်ထမ်းရေးရာနှင့်စစ်ဆေးရေးဌာနခွဲသို့ ဥပဒေဘွဲ့/မဟာဘွဲ့လက်မှတ်(မူရင်း)၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်(မူရင်း)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)တို့ကို ယူဆောင်၍ လာရောက်သတင်းပို့ကြရန်ဖြစ်သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး






**စက်မှုဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ကချင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံး အကြီးစားပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြန်မာ နိုင်ငံသား ပြည်တွင်းလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံများစတင်ရောင်းချမည့်ရက် - ၃၀-၉-၂၀၁၄ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၆-၁၀-၂၀၁၄ရက် (၁၆း၃၀)နာရီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၉၃၈၆၊ ၀၇၄-၂၂၄၃၅တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့


DAGON CITY 1
Make Myanmar More Beautiful
FIRST TWO TOWERS ARE FULLY RESERVED
NEW TOWERS WITH PAGODA VIEW FOR RESERVATION!
Exclusively at the Dagon City 1 Grand Opening:
All attendees are welcome to join our lucky draw
Also featuring Dagon City 1 Brand Ambassador Eindra Kyaw Zin, Lucky Draws and Many More Surprises!
Pre-registration required
Call +95 9 2544 28883 to reserve a seat!
Premium Partners
MARGA LANDMARK
Mercedes-Benz
WIN
MERCEDES BENZ 2014 C-CLASS NEW MODEL
MARGA LANDMARK
WWW.DAGONCITY1.COM

# မိုးသည်းထန်စွာရွာသွန်းခဲ့၍လမ်းပန်းဆက်သွယ်ရေး အခက်အခဲမရှိစေရေး ကွင်းဆင်းဆောင်ရွက်



**မောက်မယ်၊ စက်တင်ဘာ ၃၀**

လင်းခေးခရိုင် မောက်မယ်မြို့တွင် စက်တင်ဘာ ၂၆ ရက်ညက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းတံတားများ ရေတိုက်စား၍ ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည်။ ထို့ပြင် ယင်းနေ့ည ၈ နာရီက မိုးကြိုးပစ်သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းလည်း သိရသည်။

ယင်းသို့ဖြစ်ပွားပြီးနောက် လင်းခေးခရိုင်၊ မောက်မယ်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးဦးဆောင်၍ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးအင်ဂျင်နီယာတို့က စက်တင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် မောက်မယ်-မိုးနဲလမ်း၊ မောက်မယ်-လင်းခေးလမ်း၊ မောက်မယ်-နမ့်လွတ်လမ်းသို့ လမ်းပန်းဆက်သွယ်ရေး ပြန်လည်ကောင်းမွန်စေရေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မောက်မယ်မြို့နယ်နှင့် သုံးမိုင်ခန့်တွင်ရှိသော မောက်မယ်-နမ့်လွတ် ကျေးရွာသွားလမ်းတွင် တိညှတံတားအား ရေတိုက်စားသဖြင့် ချဉ်းကပ်ခုံ အကျယ် ၁၅ ပေ၊ အနက် ၅ ပေခန့် ပျက်စီးသွားပြီး လမ်းပန်းဆက်သွယ်ရေး ခေတ္တပြတ်တောက်သွားခဲ့သည်။

အဆိုပါလမ်းနှင့် တံတားများ ပြန်လည်အသုံးပြုနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများစုပေါင်း၍ ကိုယ်ထူကိုယ်ထပြန်လည်ပြုပြင်ရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မောက်မယ်မြို့နယ် မိုက်ဟုန်းရပ်ကွက် မိုက်ဟုန်းဘုန်းကြီးကျောင်းတွင် မိုးကြိုးပစ်ချရာမှ အမိုးနှင့်အတွင်းပေါက်သွားပြီး ရေခဲသေတ္တာ မီးလောင်သွားရာ ရပ်ကွက်တွင်းရှိ ပြည်သူများ လာရောက်မီးငြိမ်းသတ်ခဲ့ကြရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

# ကိုးပင်ကျေးရွာ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကျင်းပ

**သရက်၊ စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၊ ကိုးပင်ကျေးရွာရှိ အထက(ခွဲ)ကျောင်းအား အ. ထ. က ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲက အဆိုပါ ကျောင်းဆောင်ရှေ့၌ ကျင်းပခဲ့သိရသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းနှင့် တိုင်းပညာရေးဝန်ကြီးဌာန၊ ညွှန်မှူး ဦးတင်အောင်မြင့်တို့က အ. ထ. ကကျောင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်က အမှာစကားပြောကြားခဲ့ပြီး ကျောင်းသို့ ကွန်ပျူတာတစ်လုံး၊ ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ ပေးအပ်၍ ကျောင်းသားမိဘများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမြင့်တို့က ပညာရေးပဒေသာပင်အတွက် ငွေကျပ် ၇ သိန်းခွဲအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်မော်ထံ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်အောင်အောင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများ စုပေါင်းအင်အား ၆၀၀ ခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။

**ကျော်ဇေယျ**

# ထောင်ခမတ်ကျေးရွာအုပ်စုတွင် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**ဘုတ်ပြင်း၊ စက်တင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့ ထောင်ခမတ်ကျေးရွာအုပ်စု၊ အ. ထ. က ကျောင်း၌ စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီက မူခင်းကျဆင်းရေး၊ မီးဘေးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ပြုလုပ်ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းက မူခင်းကျဆင်းရေး ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အသိပညာများ၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ယဉ်ယဉ်ဖြူက မူခင်းဆိုင်ရာ သိသင့်သိထိုက်သည့် ဥပဒေများ၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမျိုးသူရဝင်းက မီးဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာများအား အသီးသီးအသိပညာပေးဟောပြောကြသည်။

ယင်းနောက် ဟောပြောပွဲအပြီးတွင် အဆိုပါ အ. ထ. ကကျောင်းရှေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် မြေစိုက်ပိုစတာအား မြို့နယ်ရဲတပ်ဖွဲ့ဝင်များက စိုက်ထူခဲ့ကြောင်း သိရသည်။

**ဘုတ်ပြင်း(ပြန်/ဆက်)**

# မြိတ်မြို့ ပြည်သူ့ဆေးရုံတွင် နှစ်(၅၀)ပြည့် ရွှေရတု ရဲတပ်ဖွဲ့နေ့ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

**မြိတ်၊ စက်တင်ဘာ ၃၀**

အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးကြီးမှူး၍ ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၈ ရက် နံနက် ၇ နာရီက မြိတ်မြို့ပြည်သူ့ဆေးရုံကြီး၌ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထို့သို့ဆောင်ရွက်ရာတွင် မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရွှေညာမောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦးနှင့် ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မြိတ်မှုခင်းတပ်ဆွယ်မှ တပ်ဖွဲ့ဝင်များ၊ မြိတ်ရဲသတင်းတပ်ဖွဲ့ဝင်များ၊ အမှတ် (၅၂) ယာဉ်ထိန်းတပ်ဖွဲ့စုရုံးမှ တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၀၂ ဦးတို့က ပြည်သူ့ဆေးရုံအရှေ့ဘက်နှင့် အနောက်ဘက်ဆေးရုံဝင်းများရှိ ချုံနွယ်များ၊ အမှိုက်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှ နှစ် (၅၀) ပြည့်ရွှေရတု မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် မြေစိုက်ပိုစတာများကို မြိတ်မြို့ပြည်သူ့ဆေးရုံကြီးရှေ့တွင်လည်းကောင်း၊ ဆိပ်ငယ်ရပ်ကွက် စည်ပင်သာယာဈေးကြီးရှေ့တွင်လည်းကောင်း၊ မြိတ်လေဆိပ်ရှေ့တွင်လည်းကောင်း တပ်ဖွဲ့ဝင်များက စိုက်ထူခြင်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြိတ်ခရိုင်(ပြန်/ဆက်)**


## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့နယ်၊ ညောင်ပင်သာ အထက ဒသမတန်း(ခ)မှ မမေဆုမွန်၏ ဖခင်အမည်မှန်မှာ ဦးကျင်လှိုင် [၁၃/မမတ(နိုင်)၁၃၉၀၇၅] ဖြစ်ပါကြောင်း။ ဦးကျင်လှိုင်

## အမည်ပြောင်း

ပျဉ်းမနားမြို့နယ်၊ ညောင်ပင်သာ အထက ဒသမတန်း(ခ)မှ အဖဦးပြုံးချို၏သမီး မငြိမ်းငြိမ်းခင်အား ယနေ့မှစ၍ မညိမ်းညိမ်းခင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မညိမ်းညိမ်းခင်

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့နယ်၊ ညောင်ပင်သာ အထက ဒသမတန်း(ခ)မှ မောင်သိန်းထွေး၏ဖခင်အမည်မှန်မှာ ဦးရွှေ ဖြစ်ပါကြောင်း။ ဦးရွှေ

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့နယ်၊ ညောင်ပင်သာ အထက ဒသမတန်း(ဂ)မှ မောင်သန့်ဇင်ဦး၏ ဖခင် အမည်မှန်မှာ ဦးကျော်ရွှေ (PMA-၁၅၅၅၅၄) ဖြစ်ပါကြောင်း။

ဦးကျော်ရွှေ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာ၊ အင်ကြင်းလမ်းနှင့် (၇)လမ်းထောင့်တွင် တည်ရှိသော ဦးဝင်းနိုင် (HGU-၁၀၄၂၇၃ အမည်ပေါက် မြေကွက်အမှတ်(၂၂၉)၊ ပေ(၈၀×၆၅)၊ နှစ်(၆၀)ဂရန်မြေအား အဆက်အဆက်စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်သူ ဒေါ်နီနီအောင် [၁၃/တကန(နိုင်)၀၈၄၉၂၆]ထံမှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ဦးအောင်ကျော်[၁၂/ဒဂန(နိုင်)၀၃၄၂၆၃]

ဖုန်း-၀၁-၂၉၈၅၇၃၊၀၉-၅၁၆၆၃၆၅၊ ၀၉-၅၁၇၄၅၉၆




## တွေ့လျှင်အကြောင်းကြားပေးပါ မခိုင်ဇာဦး[၁၂/သကတ(နိုင်)၁၆၂၇၄၆] နှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ ရန်ပြေ(၅)လမ်းအရှေ့၊ အမှတ်(၁၀၆၃)နေ ဦးဌေးဝင်း[၁၂/သကတ(နိုင်)၀၁၄၀၁၈]၏ အတူနေသမီးဖြစ်သူ မခိုင်ဇာဦးသည် ၁၇-၉-၂၀၁၄ ရက် နံနက် ၁၀ နာရီခန့်တွင် နေအိမ်မှ ထွက်သွားရာ ယနေ့အထိ ပြန်လာခြင်းမရှိခဲ့ပါ။ မခိုင်ဇာဦးနှင့်အတူ ရွှေထည်ပစ္စည်း (၅)ကျပ်သားခန့်၊ ငွေကျပ်သိန်း(၁၀၀)ခန့် ပါရှိသွားပါသဖြင့် ခင်ပွန်းနှင့်ဖခင်ဖြစ်သူထံ အမြန်ဆုံးပြန်လာပါရန်၊ လက်ခံထားသူများအား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး တွေ့ရှိအကြောင်းကြားသူအား ကျေးဇူးတုံ့ပြန်ပါမည်ဖြစ်ကြောင်း အများသိစေ ရန်ကြေညာအပ်ပါသည်။

ဦးဌေးဝင်း[၁၂/သကတ(နိုင်)၀၁၄၀၁၈]
အမှတ်(၁၀၆၃)၊ ရန်ပြေ(၅)လမ်းအရှေ့၊
၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်။



# ၂၀၁၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာ၊ သင်ထောက်ကူနှင့် သုတေသနစာတမ်းပြိုင်ပွဲ ဆုရရှိသူများကြေညာ

**နေပြည်တော် စက်တင်ဘာ ၃၀**

၂၀၁၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာ၊ သင်ထောက်ကူနှင့် သုတေသနစာတမ်းပြိုင်ပွဲ ဆုရသူများစာရင်းကို သက်ဆိုင်ရာက စက်တင်ဘာ ၂၉ ရက်တွင် ထုတ်ပြန်ကြေညာသည်။

တက္ကသိုလ်/ကောလိပ် ဆရာ ဆရာမများအဆင့် ဆောင်းပါးပြိုင်ပွဲကို **ပညာသည်သာ ရတနာ၊ ဆရာသည်သာ အခရာ**ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မြောင်းမြပညာရေးကောလိပ်၊ မြန်မာစာဌာနမှ လက်ထောက်ကထိက ဒေါက်တာဒေါ်လွဲ့လွဲ့မာ(လွဲ့-ပညာရေး)က လည်းကောင်း၊ ဒုတိယဆုကို နည်းပညာတက္ကသိုလ်(မော်လမြိုင်) (တွဲဖက်) အစိုးရနည်းပညာအထက်တန်းကျောင်း (မော်လမြိုင်)၊ စီမံဌာနမှ ကထိက ဦးမော်မော်ထွန်းက လည်းကောင်း၊ တတိယဆုကို စစ်ကိုင်းပညာရေးကောလိပ်၊ သင်္ချာသင်ပြနည်းဌာနမှ နည်းပြ ဒေါ်မိုးစီခင်(မိုးစီခင်)က လည်းကောင်း ရရှိသည်။

အခြေခံပညာအထက်တန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို **ပညာသည်သာ ရတနာ၊ ဆရာသည်သာ အခရာ**ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြ ဒေါ်လွင်လွင်သန်းကလည်းကောင်း၊ ဒုတိယဆုကို ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ရွှေလောင်းမှ အငြိမ်းစားအထက်တန်းပြ ဦးပြေသိမ်း(ပန်းသပြေ-ရွှေလောင်း)ကလည်းကောင်း၊ တတိယဆုကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြ ဒေါ်မိုးမိုးခိုင်က လည်းကောင်း ရရှိသည်။

အခြေခံပညာအလယ်တန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို **ပညာသည်သာ ရတနာ၊ ဆရာသည်သာ အခရာ** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ပဲခူး တိုင်းဒေသကြီး ကဝမြို့နယ်သက္ကလအခြေခံပညာအထက်တန်း ကျောင်းမှ အလယ်တန်းပြ ဒေါ်သန်းသန်းစိုး သွဲ့ထားညို(သက္ကလ)ကလည်းကောင်း၊ ဒုတိယဆုကို ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းပြ ဒေါ်ဥမ္မာမြိုင်ကလည်းကောင်း၊ တတိယဆုကို ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြ ဒေါ်မိုးမိုးအောင်(မိုးမိုး-ရွှေတံခါး)ကလည်းကောင်း ရရှိသည်။

အခြေခံပညာမူလတန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို **ပညာသည်သာ ရတနာ၊ ဆရာသည်သာ အခရာ**ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၀) အခြေခံပညာမူလတန်းလွန်ကျောင်းမှ မူလတန်းပြ ဒေါ်သီရိကလည်းကောင်း၊ ဒုတိယဆုကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်းမှ အငြိမ်းစားမူလတန်းကျောင်းအုပ် ဒေါ်ခင်ဝင်း(ခင်ခင်ဝင်း- ပညာရေး)က လည်းကောင်း၊ တတိယဆုကို ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် သာယာကုန်း- အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြ ဒေါ်နွေးနွေးနိုင်ကလည်းကောင်း ရရှိသည်။

ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို **ဆရာကောင်းတပည့် ပန်းကောင်းပန်**ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ရာ ပထမဆုကို မြစ်ကြီးနားပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာသင်တန်းမှ ဒုတိယနှစ်သင်တန်းသူ မဆိုင်းပန်ကလည်းကောင်း၊ ဒုတိယဆုကို ပုသိမ်ပညာရေးကောလိပ် လုပ်ငန်းခွင် အကြိုဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ ဒုတိယနှစ်သင်တန်းသူ မဖြိုးသဥ္ဇာသန့်ကလည်းကောင်း၊ တတိယဆုကို ဘားအံပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာသင်တန်းမှ ဒုတိယနှစ်သင်တန်းသူ နန်းမေဦးလွင်က လည်းကောင်း ရရှိသည်။

အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို **ထာဝရအားထား မြတ်ဆရာများ**ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရာ ပထမဆုကို မွန်ပြည်နယ် မုဒုံမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မခင်မြတ်မြတ်ဖြူက လည်းကောင်း၊ ဒုတိယဆုကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ အဋ္ဌမတန်း ကျောင်းသူ မရို့စ်မို့မို့မင်းက လည်းကောင်း၊ တတိယဆုကို နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း(က. ပ. စ-၁)မှ အဋ္ဌမတန်းကျောင်းသူ မယွန်းမှီမှီအောင်ကလည်းကောင်း ရရှိသည်။

အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို **ထာဝရအားထား မြတ်ဆရာများ**ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရာ ပထမဆုကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း(အထက-ခွဲ)မှ သတ္တမတန်းကျောင်းသူ မအိန္ဒြာကျော်ကလည်းကောင်း၊ ဒုတိယဆုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း(အထက-ခွဲ)မှ သတ္တမတန်းကျောင်းသူ မအိဖြူခိုင်ကလည်းကောင်း၊ တတိယဆုကို ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မဆုဘရဏီကလည်းကောင်း ရရှိသည်။

ပညာရေးတက္ကသိုလ် ပညာရေးကောလိပ်အဆင့် ကဗျာပြိုင်ပွဲကို ကျင့်ဝတ်ငါးဖြာမြတ်ဆရာ ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရာ ပထမဆုကို မကွေးပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ ဒုတိယနှစ်သင်တန်းသူ မမွေးမြမြမိုးကလည်းကောင်း၊ ဒုတိယဆုကို ဘားအံ့ပညာရေးကောလိပ်၊ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ ဒုတိယနှစ်သင်တန်းသူ နန်းယုယုစိုးကလည်းကောင်း၊ တတိယဆုကို ပခုက္ကူပညာရေးကောလိပ်၊ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ ဒုတိယနှစ်သင်တန်းသား မောင်ဇန်ရမ်ထန်းက လည်းကောင်း ရရှိသည်။

အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲကို **တပည့်နှင့်ဆရာ၊ ရေနှင့်ကြာ**ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရာ ပထမဆုကို စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်ခန့်စည်သူကလည်းကောင်း၊ ဒုတိယဆုကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသား မောင်ကောင်းဆက်ဟိဏ်းက လည်းကောင်း၊ တတိယဆုကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသား မောင်ဆိုင်းဂူက လည်းကောင်း ရရှိသည်။

အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲကို **တပည့်နှင့်ဆရာ၊ ရေနှင့်ကြာ**ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရာ ပထမဆုကို မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မခင်စုစုစံက လည်းကောင်း၊ ဒုတိယဆုကို ကယားပြည်နယ် လွိုင်ကော်မြို့ နမ့်ကွတ်ရွာ အမှတ်(၁၅) အခြေခံပညာမူလတန်းလွန်ကျောင်းမှ ပဥ္စမတန်းကျောင်းသား မောင်သူရအောင်က လည်းကောင်း၊ တတိယဆုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မစုယွန်းရွှေရည်က လည်းကောင်း ရရှိသည်။

ပညာရေးကောလိပ်များ၏ အခြေခံပညာအဆင့် သင်ထောက်ကူပစ္စည်း တီထွင်ထုတ်လုပ်မှုပြိုင်ပွဲ၊ သင်ထောက်ကူကားချပ်ပြိုင်ပွဲတွင် ပထဆုကို ဘိုကလေးပညာရေးကောလိပ်က လည်းကောင်း၊ ဒုတိယဆုကို တောင်ကြီးပညာရေးကောလိပ်က လည်းကောင်း၊ တတိယဆုကို သဃ်န်းကျွန်း ပညာရေးကောလိပ်က လည်းကောင်း ရရှိသည်။

ပညာရေးကောလိပ်များ၏ အခြေခံပညာအဆင့် သင်ထောက်ကူပစ္စည်း တီထွင်ထုတ်လုပ်မှုပြိုင်ပွဲ၊ သင်ထောက်ကူပုံစံငယ်ပြိုင်ပွဲတွင် ပထမဆုကို မုံရွာပညာရေးကောလိပ်ကလည်းကောင်း၊ ဒုတိယဆုကို ရန်ကင်းပညာရေးကောလိပ်ကလည်းကောင်း၊ တတိယဆုကို မိတ္ထီလာပညာရေးကောလိပ်ကလည်းကောင်း ရရှိသည်။

ပညာရေးကောလိပ်များ၏ အခြေခံပညာအဆင့် သင်ထောက်ကူပစ္စည်း တီထွင်ထုတ်လုပ်မှုပြိုင်ပွဲ၊ သင်ထောက်ကူ သေတ္တာပြိုင်ပွဲတွင် ပထမဆုကို မန္တလေးပညာရေးကောလိပ်ကလည်းကောင်း၊ ဒုတိယဆုကို ပုသိမ်ပညာရေးကောလိပ်က လည်းကောင်း၊ တတိယဆုကို စစ်ကိုင်းပညာရေးကောလိပ်ကလည်းကောင်းရရှိသည်။

ပညာရေးကောလိပ်များ၏ အခြေခံပညာအဆင့် သင်ထောက်ကူပစ္စည်း တီထွင်ထုတ်လုပ်မှုပြိုင်ပွဲ၊ သင်ထောက်ကူ Electronic Teaching Aids ပြိုင်ပွဲတွင် ပထမဆုကို တောင်ငူပညာရေးကောလိပ်ကလည်းကောင်း၊ ဒုတိယဆုကို လှည်းကူးပညာရေးကောလိပ်က လည်းကောင်း၊ တတိယဆုကို မြောင်းမြပညာရေးကောလိပ်ကလည်းကောင်း ရရှိသည်။

ပညာရေးကောလိပ်များ၏ သုတေသနစာတမ်း (Action Research)ပြိုင်ပွဲတွင် ပထမဆုကို မန္တလေးပညာရေးကောလိပ်ကလည်းကောင်း၊ ဒုတိယဆုကို မော်လမြိုင်ပညာရေးကောလိပ်ကလည်းကောင်း၊ တတိယဆုကို ပခုက္ကူပညာရေးကောလိပ်ကလည်းကောင်း ရရှိသည်။

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် အောက်တိုဘာ ၂ ရက် (ကြာသပတေးနေ့)အရောက် ဦးစိုးဝင်း နေပြည်တော်ပညာရေးညွှန်ကြားရေးမှူး ဖုန်း ၀၉-၄၀၂၅၁၃၅၄၉၊ ဦးဟန်ဝင်း လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၀၉-၄၉၂၂၁၄၀၀ ထံသို့ မပျက်မကွက်ရောက်ရှိကြောင်း သတင်းပို့၍ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) အဆောင် 606,607,608,609 တွင် လူကိုယ်တိုင်ရောက်ရှိ(မပျက်မကွက်) တည်းခိုနေထိုင်ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အောင်လံမြို့နယ် သမဝါယမဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**အောင်လံ စက်တင်ဘာ ၃၀**

အောင်လံမြို့နယ် သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းသားများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီခွဲက အောင်လံမြို့နယ် သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ဥက္ကဋ္ဌ ဦးကံထွန်းနှင့် ဖိတ်ကြားထားသော ဌာနဆိုင်ရာအကြီးအကဲများ၊ ကျေးရွာအသီးသီးမှ သမဝါယမအသင်း အမှုဆောင်ဒါရိုက်တာများ၊ အသင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနကိုယ်စား မကွေးတိုင်းဒေသကြီး သမဝါယမ နည်းပြသင်တန်းကျောင်း နည်းပြအရာရှိ ဒေါ်လှသန်းက အဖွင့်အမှာစကားပြောကြားပြီး အောင်လံမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆွေက သမဝါယမအသင်းများ ဖွဲ့စည်းပြီးစီးမှုအခြေအနေနှင့် ချေးငွေထုတ်ချေးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်သမဝါယမအသင်းဥက္ကဋ္ဌ ဦးညွန့်မောင်က (Hire Purchase) အငှားဝယ်စနစ်အကြောင်းကို ရှင်းလင်းပြောကြားပြီး သမဝါယမအသင်းသားများ၏ ရင်တွင်းစကားသံများကို မေးမြန်းဖြေကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(မြို့နယ်ပြန်/ဆက်)**


**ကန့်ကွက်နိုင်ပါသည်**

ဦးကိုကိုလှိုင်(LKW-၀၂၃၀၁၄)အမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်အုပ်စု၊ ကွင်းအမှတ်(၅၁၁-ခ)နှင့် (၅၁၉-က) အထူးဇုန်(၁)ရှိ (B-78)၊ ဧရိယာ(၅. ၀၀)ဧကအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအန်းအန်း[၉/ခအဇ(နိုင်)၀၀၁၆၄၂]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအ ထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်နှင်းပွင့်လှိုင်(**LL.B,D.B.L,D.M.L**)(စဉ်-၂၉၈၀၇) လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်လွင်မာဦး(**LL.B,D.B.L**)(စဉ်-၂၉၈၃၇) ဦးညွန့်လှိုင် (**LL.B**)
ဒေါ်ယဉ်လဲ့ဝင်း(**LL.B,LL.M**)(စဉ်-၃၃၃၆၅) တရားလွှတ်တော်ရှေ့နေ(စဉ်-၂၇၀၆)
ဒေါ်ဇင်မာဝင်း(**LL.B**)(စဉ်-၄၁၂၈၀)
အထက်တန်းရှေ့နေများ

**အမှတ်(၆၇၀)၊ ဘူမှာ(၃)လမ်း၊ ၈/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၀၆၄၆၉၃၊ ၀၉-၄၃၀၉၃၂၈၇**





**ဖခင်အမည်မှန်**

ဒိုက်ဦးမြို့ အထက(၁)ဒသမတန်း(D)မှ မနှင်းသဥ္ဇာအောင်၏ ဖခင် ဦးဖိုးဇော်၏ အမည်မှန်မှာ ဦးမျိုးဝင်း[၇/ဒဥန(နိုင်)၁၀၃၆၄၆]ဖြစ်ပါသည်။

ဦးမျိုးဝင်း



**ကန့်ကွက်နိုင်ပါသည်**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၁၄/စီမံကိန်း-၂၊ မြေကွက်အမှတ်-၉၁၊ မြေကွက်တည်နေရာအမှတ်(၉၁)၊ သခင်ဖိုးလှကြီးလမ်း၊ (၁၄/စီမံကိန်း-၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးထွန်းရင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်(ဦးထွန်းရင်)နှင့် ဇနီး(ဒေါ်စိန်ရင်)တို့ကွယ်လွန်သဖြင့် ဒေါ်အေးအေးသန်း[၁၂/သလန(နိုင်)၀၃၃၉၈၅]၊ ဒေါ်ခင်ဌေးယဉ်[၁၂/ဥကတ(နိုင်)၁၀၄၂၁၇]၊ ဒေါ်မာမာချို[၁၂/ဥကတ(နိုင်)၁၀၄၁၄၂]၊ ဒေါ်ချိုတူးနီ[၁၂/ဥကတ(နိုင်)၁၆၆၇၆၅]၊ ဒေါ်စန်းစန်းထူး[၁၂/ဥကတ(နိုင်)၁၂၉၀၉၉]၊ ဦးစန်းထွေး[၁၂/ဥကတ(နိုင်)၁၆၆၇၈၀]၊ ဦးကျော်ကျော်ထွန်း[၁၂/ဥကတ(နိုင်)၁၆၆၇၂၀]တို့က သား၊ သမီးများ တော်စပ်ကြောင်း သေစာရင်းနှင့်ကျမ်းကျိန်လွှာ တင်ပြ၍ ၎င်းတို့ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၁၀၁၈၂(၄-၇-၁၄)/၁၈၁၈၃(၄-၇-၁၄)ဖြင့်ရရှိသူ ဒေါ်စန်းစန်းထူး[၁၂/ဥကတ(နိုင်)၁၂၉၀၉၉]က ပါဝါပေးသူများသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာအမှတ်-(၄၀၀)(၂၄-၇-၂၀၁၄)တို့တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**





**ဒဂုံတက္ကသိုလ်(2001 Batch) ဘူမိဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ်ဆရာကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကျင်းပရန်ဖိတ်ကြားခြင်း**

ဒဂုံတက္ကသိုလ်(၂၀၀၁)ပညာသင်နှစ် ဘူမိဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ်ဆရာကန်တော့ပွဲနှင့်ပြန်လည်တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့်

ဆရာ၊ ဆရာမများနှင့် သူငယ်ချင်းများအားလုံး တက်ရောက်နိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်-၄-၁၀-၂၀၁၄(စနေနေ့) အချိန်-ညနေ ၃နာရီ နေရာ-**M3 Food Center**

ဆက်သွယ်ရန်-ဇော်မင်းထိုက်-၀၉၄၂၁၁၃၀၀၁၁၊ ဝင်းနိုင်-၀၉-၅၃၀၀၉၉၇၊ ကိုအောင်ကြီး-၀၉၄၂၀၀၇၈၁၈၊
ချစ်ဇေယျာလင်း-၀၉-၂၅၄၃၁၁၈၁၆၊ နွေးနွေး-၀၉-၅၁၄၇၆၃၁၊ ဥမ္မာ-၀၉-၄၄၈၀၁၅၁၆၁၊ အိသဥ္ဇာမွန်-၀၉-၅၁၀၃၈၉၄၊
ကိုအောင်မျိုးသူ-၀၉-၄၃၀၉၇၂၉၉၊ မသီရိခိုင်-၀၉-၇၃၀၅၆၉၄၄



**သမီး "ပ"**

**လူကြီးတွေအားလုံး စိတ်ပူနေကြတယ်။**

**ဖုန်းအမြန်ဆက်သွယ်ပါ။**

**ကြိတ်ကြိတ်-ဦးငွေအောင်**

**ဖုန်း-၀၉-၇၃၂၁၁၁၇**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ (၆၅) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှိ့ခံပွဲ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တက်ရောက်

**မန္တလေး၊ စက်တင်ဘာ ၃၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်သည့် (၆၅)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အဖြစ် မန္တလေးမြို့ရုံးစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ်မှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာဧည့်ခံပွဲကို စက်တင်ဘာ ၂၇ ရက် ညနေ ၆ နာရီက မန္တလေး စွမ်းဟိုတယ်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ဂုဏ်ပြုညစာဧည့်ခံပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr. Wang Yu က အမျိုးသားအောင်ပွဲနေ့ဂုဏ်ပြုစကား ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဧည့်ခံပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဂုဏ်ပြုညစာဧည့်ခံပွဲသို့ တိုင်းဒေသကြီး အဆင့် အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် Dr. Nandakumar Nagendran၊ မန္တလေးမြို့နှင့် အထက်မြန်မာပြည်မှ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ထပ်မံချေးယူမည့် ဒေါ်လာသန်း ၃၀၀ ထုတ်ချေးရေး လုပ်ငန်းရှင်းလင်းပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ၊ စက်တင်ဘာ ၃၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ (EXIM Bank) မှ ထုတ်ချေးမည့် အမေရိကန်ဒေါ်လာသန်း ၃၀၀ ထုတ်ချေးရေး လုပ်ငန်းရှင်းလင်းပွဲကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက ဆင်ပေါင်ဝဲမြို့နယ် သမဝါယမအသင်းစုရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ တာဝန်ခံဦးစီးအရာရှိ ဦးချိုထွန်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ (EXIM Bank) ချေးငွေပထမအကြိမ် ဒေါ်လာသန်း ၁၀၀ ကို အတိုးနှုန်း ၁၈ ရာခိုင်နှုန်းဖြင့် ထုတ်ချေးခဲ့ရာမှ ယခုအကြိမ် ထပ်မံထုတ်ချေးမည့် အမေရိကန်ဒေါ်လာသန်း ၃၀၀ တွင် အတိုးနှုန်း ၁၃ ရာခိုင်နှုန်းသို့ လျှော့ချပေးရန် စီစဉ်ထားရှိကြောင်း၊ အသင်းသားများကလည်း တာဝန်သိမှု၊ တာဝန်ယူမှုများဖြင့် စေတနာကို တုံ့ပြန်သွားကြရန်လိုကြောင်းနှင့် ပွင့်လင်းစွာဖြင့် သဘောဆန္ဒပေးစေလိုကြောင်း၊ သမဝါယမအသင်းများ အမှန်ရှင်သန်တိုးတက်ရေး၊ အသင်းသား တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို အမှန်တကယ် ကြိုးစားလုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# မြေပဲမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲ မကွေးတွင်ပြုလုပ်

**မကွေး၊ စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနနှင့် ACIAR Project တို့ ပူးပေါင်း၍ မကွေးမြို့နယ်၊ ဆားတိုင်ကန်ကျေးရွာ တောင်သူဦးကျော်ဝင်း၏ ကွင်းအမှတ် ၂၇၀၁ ဦးပိုင် ၁၉ တွင် ဒေသနှင့်ကိုက်ညီ၍ ဈေးကွက်ရှိသော မြေပဲမျိုးငါးမျိုးကို ယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် ဆီထွက်သီးနှံ ဗဟိုသုတေသနခြံမှ အလားအလာကောင်း မြေပဲမျိုးများ ကွင်းသရုပ်ပြပွဲကို စက်တင်ဘာ ၂၇ ရက် နံနက် ၈ နာရီတွင် ဆောင်ရွက်ခဲ့ရာ တောင်သူများ၊ သက်ဆိုင်ရာဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခြံတာဝန်ခံ ဦးသိန်းဌေးဦးက မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်ပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ စိုက်ပျိုးထားရှိသော မြေပဲမျိုးများ၏ အရည်အချင်းလက္ခဏာများအကြောင်းကို အသေးစိတ် ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ဝင်းက မျိုးကောင်းမျိုးသန့်စိုက်ပျိုးထုတ်လုပ်မှုနှင့် GAP စနစ်အသုံးပြုရေးတို့ကို ပညာပေးပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော တောင်သူများက ကွင်းအတွင်း စိုက်ပျိုးထားသော မြေပဲမျိုးများအား ကြည့်ရှုလေ့လာကြရာ ဈေးကွက်နှင့် ကိုက်ညီပြီး ရာသီဥတုဒဏ်ခံနိုင်သည့် မကွေး ၁၆ မြေပဲမျိုးကို ကြိုက်နှစ်သက်ကြကြောင်း သိရသည်။



အဆိုပါကွင်းသရုပ်ပြပွဲသို့ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးနှင့်ဝန်ထမ်းများ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ဆီထွက်သီးနှံ ဗဟိုသုတေသနစိုက်ပျိုးရေးခြံ ခြံတာဝန်ခံနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်စုသုံးအုပ်စုမှ တောင်သူ ၃၀နှင့် စိုက်ပျိုးရေးကို စိတ်ပါဝင်စားသူများ တက်ရောက် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**(မကွေး ခရိုင်ပြန်/ဆက်**

## ရေဝတီတံတား(မလွန်)မှ လျှပ်စစ်မီးကြိုးများ ခိုးခံရ

**မလွန်၊ စက်တင်ဘာ ၃၀**

မကွေးခရိုင်အင်ဂျင်နီယာမှူးရုံးမှ အငယ်တန်းအင်ဂျင်နီယာ (၂) လျှပ်စစ်၊ ဦးတိုးမောင်သည် စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ရေဝတီတံတား (မလွန်)သို့ ရောက်ရှိပြီး မီးမလင်းသည့်နေရာများအား စစ်ဆေးခဲ့ရာ မလွန်ဘက်ကမ်း RP-10 PANEL UP STREAM ဘက်ရှိရထားလမ်းချဉ်းကပ်တံတားသို့ပေးပို့သော CABLE LINE၊ ရထားပင်မတံတားသို့ပေးပို့သော CABLE LINE၊ DOWN STREAM ဘက်ရှိ ကားလမ်းချဉ်းကပ်တံတားမီးတိုင်များသို့ပေးပို့သော CABLE LINE များမှ 2 CORE 10 mm ကေဘယ်ကြိုး ၁၈၀ ပေ၊ 1 CORE 16 mm ကေဘယ်ကြိုး ၄၉၂၀ ပေ၊ 1 CORE 4 mm ကေဘယ်ကြိုး ၅၀၀ ပေ၊ ကာလတန်ဖိုးကျပ် ၁၄၄၈၂၂၁၈ ခန့် ပျောက်ဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ဆေးတွေ့ရှိချက်အရ မီးကြိုးများခိုးယူသွားသူကို စုံစမ်းဖော်ထုတ်ပေးပါရန် စက်တင်ဘာ ၂၇ ရက်တွင် ဦးတိုးမောင်က တရားလိုပြုတိုင်တန်းခဲ့သဖြင့် မင်းလှမြို့နယ် မြို့မရဲစခန်းက (ပ)၁၄၉/၂၀၁၄၊ ပပက ၆ (၁) ဖြင့်အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းများ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုအား ဓနုဖြူမြို့နယ်၌ ကွင်းဆင်းစစ်ဆေး

**ဓနုဖြူ၊ စက်တင်ဘာ ၃၀**

မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ကျိုက်ပါကျေးရွာ၌ အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုလုပ်ငန်းများအား ဓနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်နှင့် ဝန်ထမ်းများက စက်တင်ဘာ ၂၃ ရက် နံနက်က အဆိုပါ ကျေးရွာသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပြည်သူတို့၏ စီးပွားရေးလုပ်ငန်းများ ထိထိရောက်ရောက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ရှေ့ပြေးစီမံကိန်းအဖြစ် ဆောင်ရွက်နေကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကျေးလက်နေပြည်သူများကို အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရန်၊ မိသားစုဝင်ငွေတိုးပွားစေရန်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်၊ အာဟာရပြည့်ဝစေရန်တို့ကို ရည်ရွယ်၍ ကျေးရွာသူကျေးရွာသားများ၏ စိတ်အားထက်သန်မှု ကျန်းမာသန့်ရှင်းရေးဆိုင်ရာ ဆောင်ရွက်နိုင်မှုရှိသည့် ကျေးရွာများကို ပွင့်လင်းမြင်သာစွာဖြင့် ရွေးချယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

### ကြော်ငြာစာ
### အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
### ၂၀၁၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၉၈

ဦးတင်မြင့် လျှောက်ထားသူ

ကွယ်လွန်သူဦးအီဘရာဟင်(ခ)ဦးသန်းတင်၏ကျန်ရစ်သောပစ္စည်းများအပေါ် ဦးတင်မြင့်မှ အမွေထိန်းလက်မှတ်စာရရှိပြီးဖြစ်၍ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇အရ စီမံခန့်ခွဲရောင်းချခွင့်ပြုရန် လျှောက်ထားမှု

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်(၁၀၁)လမ်း၊ အမှတ်(၂၁) ၅လွှာနေ ကွယ်လွန်သူဦးအီဘရာဟင်(ခ)ဦးသန်းတင်ကျန်ရှိရစ်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာရရှိထားသူဦးတင်မြင့်က အမွေထိန်းလက်မှတ်စာရရှိထားသော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ (၉၁)လမ်း၊ အမှတ်(၄၈)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၁၂/ကေ)၊ မြေကွက်အမှတ်(၁၇/ဒီ)ပေ(၅၀×၂၆) ရှိ နှစ်(၉၀)ပဋ္ဌမတန်းစား မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စီမံခန့်ခွဲရောင်းချခွင့်အမိန့်ချမှတ်ပေးပါရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇အရ လျှောက်ထားလာသည်ဖြစ်၍ ဤအမှုကို၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၂၃ရက်(၁၃၇၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ရက်) နံနက် ၁၀ နာရီတွင် ကြားနာရန် ချိန်းဆိုထားသဖြင့် ကွယ်လွန်သူ ဦးအီဘရာဟင်(ခ)ဦးသန်းတင် ကျန်ရှိရစ်သောပစ္စည်းတွင် အကျိုးသက်ဆိုင်သည်ဟုအဆိုရှိသူ မည်သူမဆို အမှုတွင် လာရောက်အမှုဆိုင်လိုပါက အထက်ပါချိန်းဆိုထားသောနေ့ရက်တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဖြင့်သော်လည်းကောင်း လာရောက်အမှုဆိုင်နိုင်ရန်နှင့် ယင်းသို့ ခွင့်ပြုမိန့်ထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာအမှုတွဲကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းသို့လာရောက်ရန် ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူဦးတင်မြင့်၏ လျှောက်လွှာအားကြားနာ၍စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မာဆွေ)

တွဲဖက်ခရိုင်တရားသူကြီး(၂)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

### Entrepreneurs of Hantharwaddy Public Co.,Ltd.
### ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း
### အများပြည်သူသို့ကြေညာခြင်း

Entrepreneurs of Hantharwaddy Public Co.,Ltd. ကို မြန်မာ နိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ မှတ်ပုံတင်ခွင့်ပြုချက်အမှတ် ၁၂၄၈/၂၀၁၄-၁၅ (၉-၆-၂၀၁၄)ဖြင့် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူအား ကြေညာအပ်ပါသည်။

ကုမ္ပဏီ၏ ရုံးခန်းတည်နေရာမှာ အမှတ်(၁၁၆)၊ သနပ်ပင်လမ်းမကြီး၊ ပဲခူးမြို့ဖြစ်ပြီး ဖုန်းနံပါတ်မှာ ၀၉-၄၂၈၁၁၅၃၆၆ ဖြစ်ပါသည်။

ဤအများနှင့်သက်ဆိုင်သောကုမ္ပဏီသည် နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒများနှင့်အညီ အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်း၊ မိုဘိုင်းလ်ဖုန်းအရောင်းဆိုင်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများကို နိုင်ငံတော်မှလိုအပ်သော ခွင့်ပြုချက်များ ရယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် အခါအားလျော်စွာ ပြောင်းလဲတိုးတက်နေသော ခေတ်နှင့်အညီ ဖြစ်ပေါ်လာမည့် လုပ်ငန်းများကိုလည်း ခွင့်ပြုချက်များ ရယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အစုရှယ်ယာတစ်စုလျှင် ကျပ် (၁၀၀၀၀ိ/-) ကျပ်တစ်သောင်းတိတိ သတ်မှတ်ထားပြီး အများပြည်သူသို့ မကြာခင်ကာလအတွင်း ဥပဒေနှင့်အညီ အစုရှယ်ယာများထည့်ဝင်နိုင်ရေးအတွက် ဖိတ်ခေါ်သွားမည်ဖြစ်ပါ ကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါသည်။ ဒါရိုက်တာအဖွဲ့ဝင်များ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂) မြေကွက်အမှတ်(၇၆၆/ခ) မြေအမည်ပေါက် ဦးကျော်မြင့်ဦး(K/RGN-၀၂၈၆၁၅)၏မြေချပါမစ်အား တစ်ဆင့်ဝယ်ယူထားသူ ဦးမြင့်ကို[၁၂/သဃက(နိုင်)၁၃၅၇၂၆]မှ မြေချပါမစ်နောက်ဆက်တွဲ(၂)စောင် ပျက်စီးသွားပါသဖြင့် မိတ္တူမှန်ပြုလုပ်ခွင့်လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ချက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ၎င်းမြေကွက်အား ရုံးခွဲနောက်ဆက်တွဲ မိတ္တူမှန်ပြုလုပ်ခြင်းကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၈)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့အရှေ့ပိုင်းရပ်ကွက်၊ ပါဒဝကွင်း၊ ကွင်းအမှတ် ၆၂၈(A)၊ ဦးပိုင်အမှတ် (၅၇)၊ ဧရိယာ(၄. ၄၀)ဧကေ၊ လန/၃၉ ကျပြီး ယခင်ကုဋ္ဌေကုဋ္ဌာဆန်စက်ဝင်းအား ဗဟိုသမဝါယမအသင်းမှ(၁၉-၁-၂၀၀၁)ရက်တွင် လေလံတင်ရောင်းချခဲ့ပါသည်။ ထို့နောက် ဝယ်ယူခဲ့သူပိုင်ရှင်များက ဆင့်ကဲဆင့်ကဲ အရောင်းအဝယ်ပြုလုပ်ခဲ့ကြရာ ကျွန်တော်ဦးထွန်းကြည်မှ ၅-၂-၂၀၀၈ ရက်တွင် စာချုပ်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ဝယ်ယူခဲ့ပါသည်။ ထို့ကြောင့် ယင်းမြေကွက်မှာ ကျွန်တော်တစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်းနှင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထွန်းကြည် [၁၂/ကတန(နိုင်)၀၁၈၀၇၃]
လိပ်စာ-ကွင်းရွာ၊ ကျောက်တန်းမြို့။
ဖုန်း-၀၉-၇၃၂၅၇၄၄၀

## ချေးငွေလုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲ ကျင်းပ

**ရေး၊ စက်တင်ဘာ ၃၀**

EXIM BANK မှ ချေးငွေလုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲကို ရေးမြို့နယ် မွန်ဓမ္မာရုံ၌ စက်တင်ဘာ ၂၆ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပရာ မြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာ ၂၂ ရွာမှ သမဝါယမအသင်းသား ၂၄၀ တက်ရောက်ခဲ့ကြသည်။

EXIM BANK မှ ချေးငွေလုပ်ငန်းဆိုင်ရာ ရှင်းလင်းခြင်းကို မြို့နယ်သမဝါယမ အသင်းစုမှ ဒါရိုက်တာ အတွင်းရေးမှူး ဦးညွန့်မောင်က ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများမှ သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ရာ ဦးစီးအရာရှိ ဒေါ်လှမွန်က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

EXIM BANK မှ ချေးငွေများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပထမအကြိမ်အဖြစ် အသင်းသား ၆၇၅ ဦးအား ငွေကျပ် ၆၇၅ သိန်းကိုလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အဖြစ် ဒုတိယအကြိမ် အသင်းသား ၈၃၈ ဦးအား ငွေကျပ် ၈၃၈ သိန်းအားလည်းကောင်း၊ မကြာမီ တတိယအကြိမ်အဖြစ် အသင်းသား နှစ်ထောင်ကျော်ကိုလည်း အတိုးနှုန်းသက်သာစွာဖြင့် ၁ ကျပ်ခွဲနှုန်းဖြင့် ဆက်လက်ထုတ်ချေးပေးရန် ပြင်ဆင်ထားရှိကြောင်း သိရသည်။

ပြည်သူများအား ဆင်းရဲမှုလျှော့နည်းပပျောက်စေရေးအတွက် လယ်ယာသုံးပစ္စည်းများ၊ ဓာတ်မြေဩဇာများ၊ အပ်ချုပ်စက်၊ မော်တော်ဆိုင်ကယ်များကို အလွယ်တကူ ဝယ်ယူရရှိနိုင်ရန် အရစ်ကျငွေချေးစနစ်ဖြင့် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ လူမှုစီးပွားမြင့်မားစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

**ထွဋ်ထွဋ်(ရေး)**

## ကားလမ်းဘေး တာပေါင်များ မြှင့်တင်ခြင်းပြုလုပ်

**ငါန်းဇွန်၊ စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်အတွင်းရှိ ငါန်းဇွန်-မြို့သာ ကားလမ်းပိုင်းတွင် ၁၀ မိုင်အရှည်ရှိ တစ်ဖက်လျှင် ၁၁ ပေအကျယ် လမ်းဘေးမြေသားတာပေါင် ချဲ့ထွင်မှုလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ယခုအခါတွင် ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းဘေးမြေသားတာပေါင်ချဲ့ထွင်မှုလုပ်ငန်းခွင်သို့ စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူး ဦးသိန်းရွှေနှင့် ငါန်းဇွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းတို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## ဘောလုံးဆင်းဆယ်ရာမှ ရေနစ်ပျောက်ဆုံး

**ပဲခူး၊ စက်တင်ဘာ ၃၀**

ပဲခူးမြို့နယ်၊ ကျိုက်ဒေးရုံကျေးရွာတွင် စက်တင်ဘာ ၂၆ ရက် ညနေ ၃ နာရီခွဲခန့်တွင် ကျိုက်ဒေးရုံကျေးရွာ အခြေခံပညာ (မူလွန်) ကျောင်း၌ တတိယတန်းတွင် ပညာသင်ယူနေသော မောင်နေတိုး အသက် ၁၁ နှစ်သည် ညနေကျောင်းဆင်းချိန်၌ ရွာနှင့်ကပ်လျက်ရှိသော ပဲခူးချောင်းကမ်းပါးဘက်သို့ သွားကာ သူငယ်ချင်းများနှင့်အတူ ဘောလုံးကစားခဲ့သည်။

ကစားနေစဉ် ဘောလုံးသည် အမှတ်မထင် ချောင်းထဲသို့ကျသွားသဖြင့် ဘောလုံးအား လိုက်ဆယ်ရန် ချောင်းထဲသို့ဆင်းခဲ့ရာ ရေနစ်မြုပ်သွားခဲ့ကြောင်း အတူကစားဖော်သူငယ်ချင်းများက မောင်နေတိုးရေနစ်သွားပြီဟု အကူအညီတောင်းခံသဖြင့် နီးစပ်ရာရွာလူကြီးများ ရောက်လာပြီး မောင်နေတိုးအား အမြန်ဆုံးလိုက်လံရှာဖွေခဲ့သော်လည်း ရှာမတွေ့ခဲ့ကြောင်း သိရသည်။

**ကိုကြည်လေး(ပဲခူး)**

opfifbdf 'brCom, mvSpdrjr

# မြင်းမထိတောင်သို့ ပြည်တွင်းပြည်ပခြေလျင်တောင်တက်များနှင့် ပြည်ပဧည့်များ လေ့လာမှုများပြား

**ကလော၊ စက်တင်ဘာ ၃၀**

ပြည်တွင်းပြည်ပ ခြေလျင်တောင်တက်သမားများ စိတ်ဝင်စားစွာ တက်ရောက်လေ့ရှိသော ကလောမြို့အရှေ့တောင်ဘက် ၄ မိုင်ခန့်အကွာ မြင်းမထိလိုဏ်ဂူနှင့် မျက်နှာချင်းဆိုင်တွင် တည်ရှိသော ၁၀၇၅ ပေမြင့်သည့် မြင်းမထိတောင်သို့ ပြည်ပခရီးသွားများ အထူးစိတ်ဝင်စားကာ သွားရောက်လေ့လာမှုများရှိကြောင်း မြင်းမထိရွာခံတစ်ဦးက ပြောသည်။

"ကလောမြို့ဟာ ပင်လယ်ရေမျက်နှာပြင်အထက် ၄၃၁၅ ပေမှာရှိပြီး မြင်းမထိတောင်ဟာ တောင်ခြေကနေ ၁၀၇၅ ပေမြင့်တဲ့အတွက် ပတ်ဝန်းကျင်ဒေသမှာ အမြင့်ဆုံးတောင်ဖြစ်နေတယ်။ ပြည်ပဧည့်တွေ စိတ်ဝင်တစားရှိလှတဲ့တောင်အဖြစ် တည်ရှိနေပါတယ်။ မြင်းမထိတောင်ခြေရင်းက မြင်းမထိရွာဟာ ကလော-အောင်ပန်း ပြည်ထောင်စုလမ်းပေါ်ကနေ သွားရတာဖြစ်ပြီး ကလောကနေ ၄ မိုင်၊ အောင်ပန်းကနေ ၂ မိုင်ရှိတဲ့ ပင်လောင်း-ဖယ်ခုံ-လွိုင်ကော်သွားတဲ့ ကားလမ်းမှာ ရှိပါတယ်။ ပင်လောင်းဘက်ကို လမ်းဆုံကနေ ၄ မိုင် လောက်သွားလိုက်ရင် မြင်းမထိကိုရောက်ပါတယ်" ဟု မြင်းမထိရွာခံတစ်ဦးက ပြောသည်။

ရှေးလူကြီးများ ပြောစမှတ်ပြုခဲ့သည်မှာ ရွာကြီးတစ်ရွာအနီး ချိုင့်ကြီးအတွင်းမှ အင်အားကြီးမားသော မြင်းကြီးလေးကောင်ထွက်လာ၍ စိုက်ပျိုးထားသော ကောက်ပဲသီးနှံများကို စားသောက်ပစ်ရာ ခြောက်လှန့်မရသဖြင့် ပုဂံပြည့်ရှင် အနော်ရထာမင်းထံ အကူအညီတောင်းကြရာ ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးတို့ သူရဲကောင်းလေးဦးကို စေလွှတ်လိုက်သည်။ အဆိုပါမြင်းကြီးများကို ဖမ်းယူလေ့ကျင့်လျက် ပုဂံနေပြည်တော်သို့ ယူဆောင်သွားခဲ့ကြောင်း၊ မြင်းထွက်သောရွာကို ယခုတိုင် မြင်းတွင်းရွာဟု ခေါ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြင်းတွင်းရွာသည် ကလောမြို့နှင့် ပင်လောင်းမြို့နယ်အဝင် ဘီလူးချောင်းအနီးတွင် တည်ရှိပြီး မြင်းများထွက်မပြေးနိုင်ရန် ဝိုင်းဝန်းဖမ်းသည့်နေရာကို မြင်းဝင်းဟုခေါ်တွင်ခဲ့ရာမှ ယခုအခါ အင်းဝန်းရွာအဖြစ် မြင်းမထိရွာ၏ အရှေ့ဖက် တစ်မိုင်ကျော်ခန့်အကွာတွင် တည်ရှိကြောင်း သိရသည်။

မြင်းများကို ဖမ်းယူခရီးထွက်ခဲ့ရာ အလွန်မြင့်မားသောတောင်ကြီးကိုတွေ့ရာ ကျန်စစ်သားသည် မြင်းကိုစီး၍ ထိုတောင်ကိုခုန်ကျော်ရာ တစ်ဖက်သို့ ရောက်ရှိသဖြင့် ယခုထက်တိုင် မြင်းမထိတောင်ဟု ခေါ်တွင်ခြင်းဖြစ်ပြီး မြင်းမြေသို့ကျသောနေရာ၌ ခေတ္တနားကာ အနီးတွင်တွေ့သော ရေတွင်းနားတွင် မြင်းကိုလှန်၍ အစာစားစေရာနေရာကို မြင်းလှန်တောင်၊ ရေတွင်းကို မြင်းလှန်တွင်းဟု ယခုထက်တိုင် ခေါ်တွင်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ပြည်သူများ သွားလာမှု လွယ်ကူစေရန် ခရိုင်ချင်းဆက် ကတ္တရာလမ်း အမှတ်(၂) ပျက်စီးနေမှုများအား ပြန်လည်ပြုပြင်ခြင်းဆောင်ရွက်

**ကျောက်ဆည်၊ စက်တင်ဘာ ၃၀**



တန်ပိုကားများနှင့် ကားကြီးများ ဖြတ်သန်းမောင်းနှင်ခြင်းနှင့် တောင်ကျရေများ လမ်းပေါ်တွင် တင်ရှိသောကြောင့် အမှတ်(၂) ခရိုင်ချင်းဆက် ကတ္တရာလမ်း ပျက်စီးနေမှုအား အများပြည်သူ သွားလာရေး လွယ်ကူအဆင်ပြေစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြန်လည်ပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အမှတ်(၂) ခရိုင်ချင်းဆက်လမ်းသည် မူလသတ်မှတ်ချက်အရ ၆ တန်အထိရှိသော ကားများသာ ခွင့်ပြုထားကြောင်း သိရသည်။

"အခု ဒီလမ်းက အသုံးပြုမှုများလာတယ်။ စက်ရုံအလုပ်ရုံတွေက ကားကြီးတွေ ဒီလမ်းကို အသုံးပြုကြတာ။ ကျောက်မီးသွေးတင်ကားတွေ၊ တိုးဂိတ်ရှောင်ကားတွေက ဒီလမ်းကို အသုံးပြုကြတာ။ နောက်ပြီး မိုးရွာရင်လည်း တောင်ပေါ်ကရေက လမ်းပေါ်မှာဖြတ်စီးတော့ ပျက်စီးမှုကများလာတာ။ လမ်းကို နဂိုအတိုင်းဖြစ်အောင် ကျောက်ကြီးတွေချပြီး ပြန်လည်ပြုပြင်ဆောင်ရွက်သွားမှာပါ"ဟု အနီးကပ် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဦးစီးဌာနမှ ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ခင်မာဝေက ပြောသည်။

အမှတ်(၂) ခရိုင်ချင်းဆက်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပထမသုတ်အနေဖြင့် မိုင်တိုင်အမှတ် ၄၀/၇-၄၀/၆ ကြား ပျက်စီးနေမှုကို ငွေကျပ် ၃ ဒသမ ၁၅၀ သန်းအကုန်အကျခံကာ အောက်ခံမြေသားအမာပေါ်သည်အထိ ပြန်လည်တူးဖော်ပြီး ကျောက်ကြီးများချခြင်း၊ ကျောက်သေးများချခြင်း၊ ကတ္တရာခင်းခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မင်းသိုက်နှင့် မြို့နယ်ဦးစီးမှူး ဦးစိုးမြင့်တို့က လမ်းအသုံးပြုသူများ ရေရှည်အသုံးပြုနိုင်ရေး အပတ်စဉ်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/စီမံကိန်း(၂)မြေကွက်အမှတ် (၁၁၁) မြေကွက်တည်နေရာအမှတ်(၁၁၁)သခင်ဖိုးလှကြီးလမ်း၊ စီမံကိန်း-၂ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးမောင်သိန်းအမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးမောင်သိန်းကွယ်လွန်သဖြင့် ဒေါ်အမာ[၁၂/ဥကတ(နိုင်)၁၀၇၆၅၁]ကတစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၈၁၄၁/၁၈-၃-၂၀၁၄ဖြင့်ရရှိသူဦးအောင်ခွန်ဆွေ[၁၂/ဗဟန(နိုင်)၀၄၂၇၁၅]မှပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်းကျမ်းကျိန်လွှာ-၂၂၆၇/၂၆-၈-၂၀၁၄ကိုတင်ပြပြီး ၎င်းကိုယ်စားအမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၃)မြေကွက်အမှတ်(၃၅၁/ခ) မြေကွက်တည်နေရာအမှတ်(၃၅၁)ကံ့ကော်ရိပ်သာလမ်း၊ (၁၆/၃)ရပ်ကွက်၊ သယ်န်းကျွန်း ဦးအိပ်ချ်ဟယ်ရီဆင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်အိပ်ချ်ဟယ်ရီဆင်(ဖခင်)နှင့်မစ္စစ်ဟူးလ်(မိခင်) တို့ကွယ်လွန်သဖြင့်(၁)ဒေါ်ဝင်းဝင်းမာ[၁၂/သဃက(နိုင်)၀၂၃၈၄၂]၊ (၂)ဒေါ်မာမာလွင်[၁၂/သဃက(နိုင်)၀၂၃၈၄၄]၊ (၃)ဒေါ်အေးအေးဝင်း[၁၂/သဃက(နိုင်)၀၂၃၆၃၁]၊ (၄)ဒေါ်ဝင်းဝင်းတာ[၁၂/သဃက(နိုင်)၀၂၃၈၄၅]တို့ပါသမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာနှင့်သေစာရင်းတို့တင်ပြ၍ ၎င်းတို့ထံမှ GP No၀၂၆၇၈၊ ၁၂-၅-၂၀၁၄ရသူ ဒေါ်ဝင်းဝင်းတာမှပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါရုပ်သိမ်းခြင်း မရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)မြေကွက်အမှတ်(၇၄၉) မြေကွက်တည်နေရာအမှတ်(၇၄၉) သုမာလာလမ်း အမည်ပေါက်ဦးတင်မြင့်(N/OKA-၀၄၀၆၁၄)၊ဒေါ်မြင့်ကြည်(N/OKA-၀၁၆၅၁၃)၊ ဦးတင်ဝ(AD-၀၂၂၅၆၂)၊ ဦးတင်မြင့်(AD-၀၀၄၆၁၆)တို့အနက် အမည်ပေါက်ဦးတင်မြင့်နှင့် ဦးတင်ဝတို့ကွယ်လွန်သဖြင့်ပိုင်ဆိုင်စာချုပ်အမှတ်(၂၈၂၀/၅-၆-၂၀၁၄)ဖြင့် ရရှိသူဒေါ်မြင့်မြင့်စိန်[၁၂/ဥကမ(နိုင်)၀၂၆၃၅၉]၊ ဒေါ်ကျော့ကျော့ရင်[၁၂/ဥကမ(နိုင်)၀၉၈၇၇၉]၊ ဒေါ်မြည့်နွဲ့[၁၂/ဥကမ (နိုင်)၀၉၇၇၉၆]တို့ကရရှိပြီး၎င်းတို့ထံမှ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်(၅၁၇၁/၂၀-၂-၂၀၁၄) ဖြင့်ရရှိသူဒေါ်ကြည်ကြည်မင်း[၁၂/ဥကမ(နိုင်)၀၇၆၉၄၈]မှပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ကျန်ပူးတွဲအမည်ပေါက်ဦးတင်မြင့်(N/OKA-၀၄၀၆၁၄)နှင့် ဒေါ်မြင့်ကြည်(N/OKA-၀၁၆၅၁၃)တို့နှင့်ပူးတွဲ၍ ဂရန်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၉၀)၊ အကျယ်အဝန်းအလျားပေ(၄၀)×အနံပေ(၆၀)၊ ဧရိယာ(၀. ၀၅၅)ဧကရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးဝဏ္ဏစိုး [၁၂/ဥကတ(နိုင်)၀၀၂၁၈၆]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ အမှုသည်က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်လှလှစန်း **LL.B,DBL**
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၄၈၁)
အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၃၀၇၆၇

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ရှမ်းလမ်း(ခ)ဗဟိုလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇-ဘီ)၊ မြေကွက်အမှတ်(၃၅ အာရ်)၊ ခြံအမှတ်(၅၇)သဇင်ဂေဟာရှိ ခြောက်လွှာပါ သုံးထပ်အဆောက်အအုံမှ တိုက်အမှတ်(ဘီ)အခန်း(၃/၄) နှစ်လွှာတိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို စာချုပ်စာတမ်း အဆက်ဆက်ဖြင့် လက်ရှိပိုင်ဆိုင်သူ ဦးကျော်ဇင်ထွေးနှင့် ဒေါ်ကေခိုင်ဝင်းဆွေထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နွယ်နွယ်အောင် **(B.A(Law) LLB)**
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၉၄၆
အမှတ်(၁/စီ)၊ သမာဓိလမ်း၊ဈေးကြိုရပ်၊ မော်လမြိုင်မြို့။
ဖုန်း-၀၉-၅၃၂၂၂၃၅



# မြနန်းစံကျော်ရွှေနန်းတော်တွင် အဂါရဝအပြုအမူ ပြုလုပ်သူများအား အရေးယူမည်



**မန္တလေး၊ စက်တင်ဘာ ၃၀**

မန္တလေးမြို့ မြနန်းစံကျော်ရွှေနန်းတော်ကြီးတွင် မင်းတုန်းမင်းတရားကြီးပုံတော်နှင့်အတူ ယှဉ်တွဲလျက် ဓာတ်ပုံရိုက်ကူးခြင်းကဲ့သို့သော မဖွယ်မရာပြုလုပ်ခြင်းတို့ကို လူမှုကွန်ရက်ဖြစ်သော Facebook စာမျက်နှာများတွင် ပါရှိလာမှုနှင့်ပတ်သက်၍ တာဝန်ကိုပေါ့လျော့စွာ ထမ်းဆောင်ခဲ့ကြသော ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် စာကြည့်တိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) လက်အောက်ရှိ တာဝန်ရှိဝန်ထမ်းများကို ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူသွားရန် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး မင်းတုန်းမင်းတရားကြီးပုံတော်နှင့်အတူ ဓာတ်ပုံရိုက်ကူးလျက် မဖွယ်မရာပြုလုပ်ခဲ့သူများကိုလည်း စုံစမ်းဖော်ထုတ်၍ အရေးယူသွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြနန်းစံကျော် ရွှေနန်းတော်ကြီးသည် မြန်မာလူမျိုးတို့၏ သမိုင်းဝင် အဖိုးတန်အမွေအနှစ်နေရာတစ်ခု ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ စိတ်ဝင်တစားလာရောက်လည်ပတ်သည့် နေရာတစ်ခုလည်းဖြစ်သည်။ မြန်မာလူမျိုးများ ကိုယ့်ထီးကိုယ့်နန်းဖြင့်နေခဲ့သော တန်ဖိုးထားဂုဏ်ယူရမည့်နေရာလည်းဖြစ်သည်။ ထိုကဲ့သို့ သမိုင်းတန်ဖိုးကြီးမားသောနေရာတွင် အဂါရဝအပြုအမူမျိုး မပြုလုပ်သင့်ကြောင်း၊ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော နိုင်ငံတွင် နေထိုင်ကြသူများပီပီ အဆင့်အတန်းမြင့်မားသော လူမျိုးများဖြစ်ကြောင်းကို နိုင်ငံတကာအလယ်တွင်ပြသသင့်ကြောင်း သမိုင်းပညာရှင်များက သုံးသပ်ပြောဆိုကြသည်။

မြနန်းစံကျော်ရွှေနန်းတော်ရှိ အဆောင်နံရံများ၊ ဗဟိုစည်တက်ရောက်သော လှေကားပတ်လည်တို့တွင်လည်း မှင်ဖျက်ဆေးများဖြင့် ရေးခြစ်ခြင်း၊ အဆောင်များတွင်ဝင်ရောက်ကာ စားသောက်နေထိုင်ခြင်း၊ ဆေးလိပ်များသောက်ခြင်း၊ ဖျက်ဆီးခြင်း၊ ပုံတူရုပ်တုများကို ကိုင်တွယ်ခြင်း၊ မဖွယ်မရာဆောင်ရွက်ခြင်းများရှိသဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးသွားနိုင်၍ ထိန်းသိမ်းခြင်းဖြစ်ကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ပဒေသာကပွဲသို့ အနုပညာချစ်သူများနှင့် ကမ္ဘာလှည့်ခရီးသွားများ ကြည့်ရှုအားပေး

**မန္တလေး၊ စက်တင်ဘာ ၃၀**

မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ လက်ဆင့်ကမ်းထိန်းသိမ်းရေး၊ မျိုးဆက်သစ်လူငယ်များ သိရှိစေရေး၊ ကမ္ဘာလှည့်ခရီးသွားများ မြန်မာ့အနုပညာများ ခံစားသိရှိနိုင်ရေးနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန (မန္တလေးဌာနခွဲ) တို့ပူးပေါင်း၍ ယဉ်ကျေးမှုပဒေသာကပွဲကိုစက်တင်ဘာ ၂၇ ရက်ည ၇ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၆ လမ်းရှိ အမျိုးသားကဇာတ်ရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပဒေသာကပွဲသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မြန်မာ့အနုပညာကို ချစ်မြတ်နိုးသူပြည်သူများ၊ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ရုံပြည့်သည်အထိ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ယဉ်ကျေးမှုပဒေသာကပွဲတွင် အနုပညာရှင်များက ပဏာမဧည့်ခံဂီတသံ၊ အလှဖြာဝေပုပ္ပားမြေ၊ မဏ္ဍိုင်ယိမ်း၊ ယက္ခန်းယိမ်း၊ မြန်မာ့ရုပ်သေး၊ နောင်အင်းလေးမှ အင်းသူအင်းသားများ၏ ရိုးရာအက၊ ထီးယိမ်း၊ မြန်မာ့ခြင်းလုံး၊ နွေဦးအညာ (အော်ပရာ)၊ ပြည်သူချစ်သော အနုပညာ အဆိုအကများဖြင့် ဖျော်ဖြေရာ ပြည်တွင်းပြည်ပမှ လာရောက်ကြည့်ရှုသူများ အထူးနှစ်သက်ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ရွှေရတုရဲတပ်ဖွဲ့နေ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**သထုံ၊ စက်တင်ဘာ ၃၀**

၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နှစ်(၅၀)ပြည့် ရွှေရတုနှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၇ ရက် နံနက် ၆ နာရီက သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်သန်း ဦးဆောင်သော ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ စခန်းများရှိတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများနှင့် မိသားစုဝင်များ စုစုပေါင်းအင်အား ၁၅၀ ကျော်တို့က သထုံမြို့၏ကျက်သရေဆောင် ရွှေစာရံစေတီတော်မြတ်ကြီးဝင်းအတွင်း သန့်ရှင်းသာယာစေရေးအတွက် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ရှင်းလင်းခြင်း၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျမီးရှို့ခြင်း၊ အများသုံးအိမ်သာများအား ဆေးကြောသန့်စင်ပေးခြင်း အစရှိသော အများနှင့်သက်ဆိုင်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရန်အတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို တပျော်တပါး စုပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သထုံခရိုင်(ပြန်/ဆက်)**

# အရှည်ပေ ၇၄၀၀၊ အကျယ် ၁၀ ပေရှိ ကျေးရွာချင်းဆက်လမ်းခင်း

## ပတ်ဝန်းကျင်ကျေးရွာပြည်သူများဝေါမြို့နယ် သို့ လွယ်လင့်တကူသွားရောက်နိုင်တော့မည်

**ဝေါ၊ စက်တင်ဘာ ၃၀**

စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်မဲဆန္ဒနယ် (၂) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်ယု၊ ဝေါမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်တို့သည် မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါ၍ အရှည်ပေ ၇၄၀၀၊ အကျယ် ၁၀ ပေရှိ ကျေးရွာချင်းဆက်လမ်းခင်းနေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းကျေးရွာချင်းဆက်လမ်းသည် ဝေါမြို့နယ်၊ အင်တိုင်စုကျေးရွာနှင့် ပြွန်ချောင်းစု ကျေးရွာများသို့ဆက်သွယ်ထားသောလမ်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၄၆ သိန်းကျခံသုံးစွဲပြီး ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူခင်းနေသောလမ်းဖြစ်သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က လမ်းအား သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် စေတနာထားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ယင်းလမ်းမကြီးခင်းပြီးသွားပါက ကျေးရွာနေပြည်သူများ ဝေါမြို့သို့ လွယ်လင့်တကူသွားလာနိုင်မည်ဖြစ်သည်။

**တင်စိုး(ပဲခူး)**

# ရွှေမြင်းပျံ(၁၂၉) ခရီးသည်ပို့ဆောင်ရေးသမဝါယမအသင်း ၂၀၁၃-၂၀၁၄

## ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ သင်းလုံးကျွတ်အစည်းအဝေး ပြုလုပ်

**ရန်ကုန်၊ စက်တင်ဘာ ၃၀**

ရွှေမြင်းပျံ (၁၂၉) ခရီးသည်ပို့ဆောင်ရေး သမဝါယမလီမိတက်အသင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ သင်းလုံးကျွတ်အစည်းအဝေးနှင့် ယာဉ်ကြံ့ခိုင်မှုကောင်းမွန်သည့် ယာဉ်ပိုင်ရှင်၊ ယာဉ်ခေါက်ရေအများဆုံးပြေးဆွဲပေးသည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ အမှတ် (၁၆) ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း အသင်းရုံးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းမင်းယု၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမြင့်သန်း၊ သယ်ယူပို့ဆောင်ရေးယာဉ်လိုင်းအသင်းဥက္ကဋ္ဌ ဦးတင်အေးတို့က အမှာစကားများပြောကြားခဲ့သည်။

တက်ရောက်လာသည့် အသင်းဝင်များနှင့်ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်လိုင်းဝတ်စုံများ လက်ဆောင်ပေးအပ်၍ ဂုဏ်ပြုဆုရသည့် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များသို့ တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ကြကြောင်း သိရသည်။

**(၃၂၉)**

### ဖခင်အမည်မှန်

ပျဉ်းမနားမြို့နယ်၊ ညောင်ပင်သာ အထက ဒသမတန်း(က)မှ မောင်လွင်မောင်မောင်ကျော်၏ ဖခင်အမည်မှန်မှာ ဦးဘုန်းကျော်[၉/ပမန(နိုင်)၁၈၂၉၁၅]ဖြစ်ပါကြောင်း။ ဦးဘုန်းကျော်

### ဦးချို့မြင့်[၇/ပမန(နိုင်)၀၂၂၁၆၃]ရွှေမိသားစုဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်နှင့် အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဦးကိုကိုမောင်[၁၂/ဥကမ(နိုင်)၀၅၂၂၈၁]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

၁။ ဦးချို့မြင့်သည် သာကေတမြို့နယ်၊ ၁၀/မြောက်အိမ်ရာ၊ တိုက်အမှတ်(၁၀၃) ပထမထပ်အား (၁၉-၁၂-၂၀၀၆)ရက်စွဲဖြင့် နှစ်ဦးသဘောတူတိုက်ခန်း အရောင်းအဝယ်စာချုပ်ကိုပြုလုပ်လျက်တိုက်ခန်းအား လက်ရှိမျက်မြင်အခြေအနေ(အကြမ်းထည်)အတိုင်းဝယ်ယူရန်နှင့် ဝယ်ယူပြီး (၃)လအတွင်း လူနေထိုင်ရန်အသင့်ဖြစ်စေရန် အပြီးပြင်ဆင်၍ အခန်းအပ်နှံမည်ဟုပြောဆိုကတိပြုပြီး ရွှေမိသားစုအမည်ဖြင့် စုပေါင်းပိုင်အဆောက်အအုံပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်မူရင်းအား ကျွန်ုပ်၏မိတ်ဆွေထံလွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါသည်။

၂။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေဝယ်ယူခဲ့သော အကြမ်းထည်အခန်းအား ယနေ့အချိန်အထိ ပြင်ဆင်အပ်နှံခြင်းမရှိသေး၍ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန်အတွက် ဤကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် ပျက်ကွက်ပါကတရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

| | |
